


မရဏတာမာန်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းအရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဗဒဝဓကြာ်

## မရဏဝမာန်

**စာမူခွင့်ပြုချက်အမှတ်** – ၅၀၁၈၇၄၁၂၀၉

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – ၅၀၀၀၅၈၀၁၁၀

**ပုံနှိပ်ခြင်း**

**ထုတ်ဝေသည့်လ** – ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ

**ထုတ်ဝေသည့်အကြိမ်** – ပထမအကြိမ်

**တန်ဖိုး** – ၈၀၀ ကျပ်

**အုပ်ရေ** – ၅၀၀ အုပ်

**မျက်နှာဖုံး** – ကိုရဲ

**ထုတ်ဝေသူ**

ဦးကျင်ဝမ် (၀၄၁၅၁)၊ နွေမိုးဆောင်းစာပေ၊ အမှတ် (၆၅)၊
ဌာနာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဒေါ်ခင်နွဲ့ (မြဲ–၀၆၅၆၇)၊ နွေမိုးဆောင်းပုံနှိပ်တိုက်
အမှတ် (၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

၈၉၅ ● ၈၃

ဒေဝစကြာ

မရဏာတမာန် / ဒေဝစကြာ – ရန်ကုန်။

နွေမိုးဆောင်းစာပေ ၊ ၂၀၀၉ ။

၁၉၂ – စာ ၊ ၁၃ x ၂၀ စင်တီ။

(၁) မရဏာတမာန်

## စာရေးသူထုတ်ဝေပြီးသောစာအုပ်များ

၁။ သချိုင်းစောင့်တစ္ဆေ
၂။ ဝိညာဉ့်လိပ်ပြာ
၃။ တစ္ဆေရောင်းရန်ရှိသည်
၄။ မရဏာရန့်
၅။ သွေးသောက်တဲ့မြိုင်
၆။ မိစ္ဆာတေလေ တောလုံးမွှေ
၇။ တစ္ဆေမင်းသမီး
၈။ သမုဒယ ဝိညာဉ်
၉။ ငှက်ဆိုးကျိန်စာ
၁၀။ အိမ်မက်ဆိုးသံသရာ
၁၁။ မီးလျှံကြားမှသရဖူ
၁၂။ တမလွန်နမိတ်
၁၃။ ဝဋ်ကြွေးကြမ္မာ ဝက်ပါ
၁၄။ အဝိဇ္ဇာရဲ့တိုက်
၁၅။ ဝိညာဉ်နက်ဧကရီ
၁၆။ ခန္ဓာနှင့် ဝိညာဉ်
၁၇။ ဥပါဒါန် မုန်တိုင်း
(ယခုလ)
၁၈။ မရဏာတမာန်

# မရဏတမာန်

(ပါဝင်သည့်အခန်းများ)


၁။ သွေးစွန်းသောနေ့တစ်နေ့

၂။ လူဘီလူးလေး မောင်ရုပ်ဆိုး

၃။ မြေတိုက်ခန်းထဲက ကလေးတစ်ယောက်

၄။ အတိတ်မှ အာဃာတ

၅။ တမလွန်မှအလည်လာသူ

၆။ လူလော၊ နာနာဘာဝလော

၇။ သေခြင်းသင်္ကေတည

၈။ တရားခံကို ခြေရာကောက်မိခြင်း

၉။ မစ္ဆရိယ၏ သားကောင်

မစ္ဆရိယတရား ၅ပါး။

(၁) အာဝါသ မစ္ဆရိယ–
အိမ်ကျောင်းတိုက်တာ နေရာထိုင်ခင်းတို့၌
ဝန်တိုခြင်း။

(၂) ကုလ မစ္ဆရိယ–
ဆွေမျိုး တပည့် သူများထံ ဆက်ဆံပေါင်းသင်း
ကြည်ညိုမှုကို ဝန်တိုခြင်း။

(၃) လာဘ မစ္ဆရိယ–
ပစ္စည်း လာဘ်လာဘ၌ ဝန်တိုခြင်း။

(၄) ဝဏ္ဏ မစ္ဆရိယ–
ကိုယ် အဆင်း ဂုဏ်သတင်း၌ ဝန်တိုခြင်း။

(၅) ဓမ္မ မစ္ဆရိယ–
မိမိ တတ်သိလိမ္မာသောပညာ၌ ဝန်တိုခြင်း။
( ဓမ္မသင်္ဂဏီ ပါဠိတော်မှ ကောက်နုတ်ချက်)

✸ ရဲလုပ်သက်အနှစ်လေးဆယ်ရှိကာ၊ လူသေအလောင်းများကိုမြင်ခဲ့ဖူးသည့်၊ ဦးမင်းဒင်ပင်လျှင် မြေအောက်ခန်းထဲတွင် မြင်ရသည့် လူသေအလောင်းများကို ကြည့်၍ အတန်ငယ်တုန်လှုပ်သွားမိလေသည်။

(၁) သွေးစွန်းသောနေ့တစ်နေ့

## (၁) သွေးစွန်းသောနေ့တစ်နေ့

ဤနေ့သည်ကား မြို့ခင်းသာ၏ သမိုင်းတစ်လျှောက်တွင် လူတိုင်း မည်သို့မှ မေ့ပျောက်နိုင်ဖွယ်ရာမရှိသော၊ထိတ်လန့် ခြောက်ခြားဖွယ်ရာ ကြီးမားလှသည့် ရာဇဝတ်မှုခင်းကြီးတစ်ခု ဖြစ်ပွားပေါ်ပေါက်ခဲ့သော နေ့တစ်နေ့ပင်ဖြစ်လေသည်။

ထိုနေ့ကား မိုးဥတုဖြစ်သော်လည်း ထူးထူးခြားခြားနေပွင့်နေကာ ခြေခင်းလက်ခင်းသာသည့် နေ့တစ်နေ့ဖြစ်၏။ ထိုမြို့ရဲစခန်းရှိ ဒုရဲအုပ်ကြီး ဦးမင်းဒင်သည် ပျင်းရိငြီးငွေ့စွာ သူ့တပည့် ရဲကြပ်ကြီး ထွန်းစန်းနှင့်စစ်တုရင်ကစားလျက် ရှိသည်။ သူသည် အသက်ခြောက်ဆယ်ပြည့်လုနီးပါးရှိကာ၊ ပင်စင်ယူတော့ရန် လ,ပိုင်းမျှသာလိုသော အခါကာလဖြစ်၏။ ယခုတစ်လော သူတို့အလုပ်ပါးနေသည်။ သူတို့ မြို့ကလေးမှာ အလယ်အလတ် ထင်ရှားသော အညာမြို့လေးဖြစ်ကာ၊ လူများစုမှာ ထိုအရပ်ဒေသတွင်ပင် ပေါက်ဖွားကြသည့် ဇာတိသူဇာတိသားများ ဖြစ်ကြပြီး၊ စိတ်ရင်းရိုးရှင်းအေးချမ်းသူများ ဖြစ်၏။ဒေသထွက်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားခြင်းဖြင့် အေးချမ်းစွာနေထိုင်တတ်ကြသည့် သဘောသဘာဝရှိသဖြင့် အမှုအခင်းနည်းပါးလှ၏။ သို့သော် ...

စစ်တုရင်ကစားပွဲတွင် ထွန်းစန်းက ဦးမင်းဒင်ထံမှ

ဦးမင်းဒင် အကွက်မှားရွှေ့မှုကြောင့်၊ မြင်းတစ်ကောင် စားလိုက်ရလေရာ၊ အားတက်ရွှင်လန်းသောအသံဖြင့် ...

"ဆရာ ရှုံးပြီ ..."

"ပွဲပြီးဖို့ အများကြီး ကျန်သေးတယ်။ မင်းက ဘာကြောင့် ဒီလိုပြောနိုင်တာလဲ "

"ဆရာလဲ သိရဲ့သားနဲ့ ။ ဆရာနဲ့ ကျွန်တော်က လက်ရည်တူတွေ။အခု ကျွန်တော်က မြင်းတစ်ကောင် သာနေပြီ ဆိုတော့ ..."

ဦးမင်းဒင်က မင်းငယ်ပါသေးတယ် ဟူသော အမူအရာဖြင့် ပြုံးလိုက်ကာ ...

"ဒီမယ် ထွန်းစန်းရဲ့ ။ စစ်တုရင် ကစားတဲ့အခါ အကောင်သာတာကို အလေးမထားရဘူး။ အကွက်သာတာကို သာ အလေးထားကြတယ်။ အခု ကစားပွဲကိုကြည့် ။ မင်းဘုရင် အကျဉ်းအကြပ်ဆဲ ရောက်နေပြီ။ ရှုံးခြင်းရှုံး မင်းပဲရှုံးလိမ့်မယ် ..."

ဟုပြောလိုက်၏။ ဟုတ်တော့ ဟုတ်သည်။ သူ့ဘု ရင်က လုံးဝခြောင်းမဲ့နေ၏။ သို့သော် ထွန်းစန်းက မခံချင် စိတ်ဖြင့် ...

"ဆရာကလဲ အဖြေမပေါ်သေးပါဘူး ..."

"အေး ...မင်းကိုငါ သင်ခန်းစာတစ်ခုပေးချင်တယ်။ အမှုလိုက်တဲ့နေရာမှာလည်း အကောင်ကိုမကြည့်နဲ့၊ အကွက် ကိုကြည့်။ ဒါဟာ ... ငါ ... အနှစ်လေးဆယ်ကျော် အမှုထမ်းရာ က ရလာတဲ့အတွေ့အကြုံပဲ"

ထိုအခိုက်မှာပင် သူတို့ရဲ့စခန်းထဲကို အသက် ၁၇နှစ်၊ ၁၈နှစ်လောက်ရှိမည်ဟု ခန့်မှန်းရသော လူငယ်တစ်ယောက် ပြေးဝင်လာသည်။ ပါးစပ်ကလည်း ...

"လုပ်ကြပါဦး၊ လုပ်ကြပါဦး ..."

ဟုရည်ရွတ်နေ၏။ သူ့ကိုကြည့်ရသည်မှာ အထိတ် တလန့်မျက်နှာဖြင့် ပုံပျက်ပန်းပျက်ဖြစ်နေ၏။ ငြိမ်သက်တိတ် ဆိတ်နေသည့် ရဲစခန်းတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်၍သွား ကြသည်။

"ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

"လူတွေသေနေတာ ... လူတွေသေနေတာ"

လှူငယ့်ပုံစံက တကယ့်ကို သွေးရူးသွေးတန်းပုံစံ။ အတွေ့အကြုံ ရင့်ကျက်သည့် ဦးမင်းဒင်က လှူငယ်ကို ကုလားထိုင်တွင် ထိုင်ခိုင်းသည်။ရဲသားတစ်ဦးအား ရေတစ်ခွက်ခပ်ခိုင်းကာ လှူငယ်ကို တိုက်သည်။ ပြီးလျှင် ...

"ကဲ ... စိတ်အေးအေးထား။ မင်း ဘာတွေ ဖြစ်ရှာတယ်။ ဘာတွေ မြင်ခဲ့တယ်ဆိုတာ တစ်လုံးခြင်းပြောပြ — ကြောက်မနေနဲ့"

ထိုလှူငယ်၏အမည်မှာ အောင်အောင်ဖြစ်သည်။ သူသည် သတင်းစာပို့သောအလုပ်ကို မနက်ပိုင်းလုပ်နေသူ ဖြစ်သည်။ယနေ့လည်း သူသတင်းစာပို့နေကျအငြိမ်းစားကျောင်းဆရာမ ဒေါ်ခင်ခင်ကြီးတို့အိမ်ကို ရောက်လာခဲ့၏ ။ ဒေါ်ခင်ခင်ကြီးတို့အိမ်ကား မြို့လည်နှင့်အတော်ပင်ဝေးကာ၊ ဧရာဝတီမြစ်ကမ်းဘေးတွင် ရှိ၏။ သူ့အတွက် တကူးတကန့်လုပ်ရ

သော အလုပ်ဖြစ်သော်လည်း၊ဆရာမ ဒေါ်ခင်ခင်ကြီးကိုလေးစားချင်ခင်သဖြင့်၊ မငြင်းမဆန် ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

ဤနေ့ စက်ဘီးနင်းကာ ဒေါ်ခင်ခင်ကြီးတို့ခြံဝင်းထဲသွားသောအခါ၊ ထူးထူးခြားခြား တိတ်ဆိတ် ငြိမ်သက်နေသည်ကိုတွေ့ရသည်။ အချိန်က မစောတော့။ နံနက်ရှစ်နာရီခန့်ရှိလေပြီ။ ယခင်ကဆိုလျှင် ဤအချိန်၌ ဒေါ်ခင်ခင်ကြီးသည် အိမ်ရှေ့ဝရံတာတွင် ဘီးတပ်ကုလားထိုင်ပေါ်တွင်ထိုင်ကာ၊ နေပူစာလှုံနေကျဖြစ်၏။အခု ဘာကြောင့်မမြင်ရလေသနည်း။ မောင်မောင်က အသံပြုသော်လည်း တုန့်ပြန်သံမကြားရ။

ဒေါ်ခင်ခင်ကြီးတို့အိမ်မှာ အလတ်စားသစ်သား နှင့်အုတ်တွဲစပ်ဆောက်လုပ်ထားသည့် တိုက်ကလေး ဖြစ်သည်။ အိမ်၏အောက်တွင် မြေတိုက်ခန်းအဖြစ် အသုံးပြုသော အခန်းတစ်ခန်းရှိ၏။ အောင်အောင်က အိမ်ထဲတွင် မည်သူ့ကိုမှ မတွေ့ရသောအခါ၊ အိမ်ဘေးကို ပတ်ရှာသည်။ မြေတိုက်ခန်းတံ

ခါးသည်အနည်းငယ် ဟ,နေသည်ကို တွေ့ရသဖြင့်၊ တံခါးကို တွန်းဖွင့်ကာ၊ အထဲသို့ ဝင်ကြည့်လိုက်သောအခါ ...

မြင်ရသည့်မြင်ကွင်းဟာ၊ တကယ်ပင် အသည်းတုန်အူ တုန်ဖွယ် ကောင်းလှပေသည်။ ရဲလုပ်သက် အနှစ်လေးဆယ်ရှိ ကာ၊ လူသေအလောင်းများစွာကို မြင်ခဲ့ဖူးသည့် ဦးမင်းဒင်ပင် လျှင်၊ မြေအောက်ခန်းထဲတွင် မြင်ရသည့် လူသေအလောင်းများ ကို ကြည့်၍ အတန်ငယ်တုန်လှုပ်သွားမိလေသည်။

မြေတိုက်ခန်းထဲတွင် အလောင်းသုံးလောင်း ရှိနေ သည်။

သူတို့ကိုယ်မှ ဒဏ်ရာတွေကို ကြည့်ရခြင်းအား ဖြင့် ချွန်ထက်သော လက်နက်ဖြင့် တိုက်ခိုက်ခြင်းခံရ ကြောင်း ထင်ရှားသိသာလှသည်။ သူတို့အနီးတွင် အသက် (၅၀) အရွယ်ခန့်ရှိ မိန်းမကြီးတစ်ဦး လဲကျနေ၏။ ထိုသူမှာ ဤအိမ်ပိုင်ရှင် ဒေါ်ခင်ခင်ကြီးပင် ဖြစ်သည်။ ထိုဒေသ၏ နယ်မြေခံ လူဆိုးထိန်းဖြစ်သည့် ရဲကြပ်ကြီးက ...

"ဒါကတော့ အိမ်ရှင်ဒေါ်ခင်ခင်ကြီးပါပဲ ဆရာ။ ဟို လူငယ်(၂)ယောက်ကတော့ ဒီမြို့က မဟုတ်ပါဘူး။ ရောက် လာတဲ့ဧည့်သည်တွေ ထင်ပါတယ်။"

"ဟိုထောင့်က မိန်းကလေးကရော ..."

ဤအခန်းထဲတွင် သူတို့ရောက်မလာခင်ရှိနေသည့် လူလေးယောက်အနက် တစ်ဦးတည်းသော အသက်ရှင်သူ ဟု ဆိုနိုင်သည့် မိန်းကလေးကား၊ အခန်းထောင့်တွင် ငုတ် တုတ်ထိုင်ကာ ကျောက်ရုပ်တစ်ရုပ်လို ငေးငိုင်နေသည်။ သူ့ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် အရာများအားလုံးကို မမြင်မတွေ့သည့်အလား။ သူမ၏ အဝတ်အစားများတွင် အလောင်းများမှ ထွက်သည့် သွေးများဖြင့် စွန်းကွက်ပေလူး နေ၏။ ဆံပင်တွေက ဖရိုဖရဲ။ မျက်လုံးတွေကကြောင်တောင် တောင်။ ဦးမင်းဒင်က ...

"အကြောက်လွန်နေပုံ ရတယ်။သူ့ကို ဆေးရုံကိုခေါ် သွား" ဟုအမိန့်ပေးလိုက်၏။ ရဲတစ်ယောက်က ...

"ဆရာ ... ဒီမိန်းမကြီးလည်း အသက်မသေဘူး။ သတိလစ်နေတာ" ဟုဆို၏။ ဦးမင်းဒင်က

"သူနာပြုကားကို မြန်မြန်ခေါ်လိုက်"

ထိုအချိန်တွင်ပင် ရဲကြပ်ထွန်းစန်း ခပ်သွက်သွက် ရောက်လာကာ ...

"ဆရာ ၊ ဆရာ ... အိမ်ဘေးက ချောက်ထဲမှာ မိန်းကလေး အလောင်းတစ်လောင်း တွေ့တယ်"

ဦးမင်းဒင် ပို၍ စိတ်ရှုပ်သွားသည်။

ရဲကြပ်ထွန်းစန်းကို ရောက်စဉ်က၊ ပတ်ဝန်းကျင်ကို သူကပင် လှည့်ပတ်ကြည့်ရှု စစ်ဆေးခိုင်းခဲ့၏။ ထွန်းစန်းက ထိုနေရာကို ဦးဆောင် ခေါ်ယူသွားခဲ့သည်။ အိမ်ဘေးရှိ အတန်ငယ်မြင့်သည့် ချောက်ကမ်းပါးအောက်ခြေတွင် လိမ့်ကျသေဆုံးနေသော သတ်လတ်ပိုင်းအရွယ် မိန်းကလေး တစ်ယောက်ကို တွေ့ရ၏။ ဝတ်ထားသော အဝတ်အစားတွေက ခေတ်မီအပြင်အဆင် ဟုဆိုနိုင်သည်။ ခပ်တိုတိုစကပ် ဂျင်းအပြာ

ရောင်နှင့် ပုံဆန်းဆန်း အကျီအနက်။ ဆံပင်တွေက ကောက်ကွေး တွန့်လိမ်နေ၏။ ကမ်းပါးစောက်မှ ကျသည့်အရှိန်ဖြင့် စက်ကျိုးကာ သေဆုံးနေခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။

မျက်မှောင်ကုတ်ကာ သက်ပြင်းတစ်ချချဖြစ်နေသော ဦးမင်းဒင် အား၊ ရဲကြပ်ထွန်းစန်းက ...

"ဘယ်လိုလဲ ဆရာ ..."

"တော်တော်ရှုပ်ထွေးတဲ့ လူသတ်မှုပဲ။ ခက်ခက်ခဲခဲ ဖော် ထုတ်ရလိမ့်မယ် ထင်တယ် ..."

ဟုပြောရင်း သက်ပြင်းချလိုက်ပြန်ကာ ...

"ငါက ပင်စင်ယူဖို့ လ,ပိုင်းပဲလိုတော့တာ။ အေး အေးဆေးဆေး အနားယူရတော့မယ်လို့ ဝမ်းမြောက် ဝမ်းသာဖြစ်နေတုန်း အခုလို အမှုကြီးမျိုးနဲ့တိုးရတော့ ..."

"နောက်ဆုံးပိတ် အိတ်နဲ့လွယ်လို့ သဘောထား လိုက်ပေါ့ ဆရာရယ်"

"အေးပေါ့လေ။ ဒီအမှုကို အမြန်ဆုံးပေါ်အောင် စုံစမ်းဖော်ထုတ်ပြီး ငါ့ဂုဏ်သိက္ခာကို အရောင်တင်ရတော့မှာပေါ့။ ဒါပေမဲ့ ထင်သလောက်တော့ မလွယ်ဘူးကွ"

ထွန်းစန်းက ပုခုံးတွန့်လိုက်ကာ ...

"သေချာတာ တစ်ခုတော့ ရှိတယ်။ တစ်မြို့လုံးက စိတ်ဝင်စားမဲ့ ရာဇဝတ်မှုတစ်ခုပဲ"

တစ်ရက်ကုန်လွန်သွား၍ နောက်တစ်နေ့ မိုးသောက်လာသည်။ အခြေအနေက မတိုးတက်သေး။ ဤအမှုနှင့်ပတ်သက်ကာ အသက်ရှင်ကျန်ရစ်ခဲ့သူ နှစ်ဦးအနက်တစ်ဦးက ဆေးရုံကုတင်ပေါ်တွင် သတိလစ်ကာ မေ့မျောနေဆဲ ဖြစ်၏။ ကျန်တစ်ယောက်ကလဲ ထိုကုတင်ဘေးတွင်ထိုင်ကာ ကျောက်ရုပ်တစ်ရုပ်လို ငုတ်တုတ်ထိုင်နေ၏။ စကားတစ်ခွန်းမှ မေးမြန်းစုံစမ်း၍မရ။ ဦးမင်းဒင်က ဒေါ်ခင်ခင်ကြီးရှိရာ လူနာခန်းထဲရောက်နေခဲ့သည်မှာ တစ်နာရီလောက် ရှိလေပြီ။ ကုတင်ဘေးတွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသော မိန်းကလေးက သူ့ကိုတစ်

ချက်ချင်း၊ ငဲ့စောင်းကြည့်ခြင်းမရှိ။ ကုတင်ပေါ်က မလှုပ်မယှက် ခေါင်းခင်းကြီးကိုသာ ငေးစိုက်ကြည့်ရင်း မျက်ရည်တွေ တစ်တွေတွေ ကျနေ၏။

ဦးမင်းဒင်က စကားပြောဖို့ကိစ္စကို လက်လျှော့လိုက်သည်။ လူမှုရေးအရ သူက ထောက်ထားစာနာ ရမည်။ မိန်းကလေးအနားကို သွားရပ်ကာ သူ့ကုတ်အင်္ကျီထဲက လက်ကိုင်ပုဝါဖြူဖြူကိုထုတ်ပေးရင်း ...

"မျက်ရည်တွေ သုတ်လိုက်ပါဦး။ မင်းကို မေးစရာတွေအများကြီးရှိတယ်။ ဒါပေမဲ့ မင်းစိတ်ထိခိုက်နေတုန်း ဒုက္ခမပေးချင်ပါဘူး။ နောက်မှပဲ စကားပြောကြတာပေါ့ ..."

ဦးမင်းဒင်က ကျောပေးကာ လျှောက်သွားစဉ် ...

"ခဏ နေပါဦး ..."

ဟု နောက်မှ မိန်းကလေးက အသံပြုလိုက်၏။ ဦးမင်းဒင်က လှည့်ကြည့်လိုက်တော့ ...

"ကျွန်မတောင်းပန်ပါတယ်။ အခုတော့ ကျွန်မစိတ်ကို ကျွန်မ ထိန်း နိုင်ပါပြီ။ ကျွန်မ ကြုံခဲ့သိခဲ့ရသမျှတွေကို အားလုံး ပြောပြပါတော့မယ် ..."

ဦးမင်းဒင်က မိန်းကလေးကို ရဲဌာနသို့ ခေါ်ဆောင်သွားသည်။ ရောက်သည်နှင့် စစ်ချက်ကို မှတ်တမ်းယူရန် ပြင်ဆင်ခိုင်းသည်။ မိန်းကလေးက စတင်ပြောခဲ့သည်မှာ ...

"ကျွန်မနာမည်က ထားထားဝေပါ"

✸ အိမ်ကိုလာလည်ကြသော ဧည့်သည်တွေက ရုပ်ဆိုးကို မြင်လျှင် ထိတ်လန့်ကြ၏။ မနှစ်မမြို့ ဖြစ်ကြ၏။ ပါ လာသော ကလေးတွေက ကြောက်ရွံ့ကာ ငိုယိုကြ၏။

## (၂) လူ့ဘီလူးလေး မောင်ရုပ်ဆိုး

၄

## (၂) လူဘီလူးလေး မောင်ရုပ်ဆိုး

ယနေ့တွင် ထူးထူးခြားခြားပင် ဒေါ်ခင်ခင်ကြီးသည် လန်းဆန်း တက်ကြွ နေသည်။ သူ့ကို ကုတင်ပေါ်က ပွေ့ချီကာ ထားထားဝေက ဘီးတပ်ကုလားထိုင်ပေါ် တင်ပေး၏။ မနက်ဖြန် သူ့အသက် (၅၀) ပြည့်တော့မည်။လူတစ်ယောက် အတွက် ရွှေရတုသဘင်နှစ်ဟု ဆိုနိုင်ပေသည်။

သူ့ကို ထားထားဝေက မျက်နှာသစ်ပေး၏။ ခေါင်းဖီးပေး၏။

"မင်းရှိနေလို့ ငါအဆင်ပြေနေတာ။ မင်းကိုတွေးမိတိုင်း ကျေးဇူးတင်ပါတယ် ထားထားရယ် "

"ဆရာမကလဲ။ ကျေးဇူးတင်စကားပြောရမယ့်သူတွေ မဟုတ်ပါဘူး။ ငယ်ငယ်ကလေးကတည်းက ဆရာမက ကျွန်မအပေါ် ကောင်းခဲ့တာ။ ကျွန်မက ဒီလောက်တော့ ပြန်တုန့်ပြန်သင့်တာပေါ့ ..."

"ဘာတွေများ ငါက ကျေးဇူးပြုခဲ့ဖူးလို့လဲ"

"ဆရာမက အိမ်ခေါ်ပြီး စာပြပေးတယ်လေ။ တခြားကလေးတွေကို ပိုက်ဆံယူပေမဲ့၊ ကျွန်မကိုတော့ ဆင်းရဲလို့ဆိုပြီး လခမယူဘူးလေ ..."

ဒေါ်ခင်ခင်ကြီးက ပြုံးကာ ...

"ဒါက ပြောပလောက်စရာ မဟုတ်ပါဘူး ထားထားရယ်။ ငါ့မျက်မှန်လည်း ယူပေးဦး"

ကုတင်ဘေးစားပွဲပေါ်မှ ဒီဂရီမျက်မှန်ကိုယူကာ၊ ထားထားဝေက၊ ဒေါ်ခင်ခင်ကြီးမျက်နှာတွင် ကိုယ်တိုင် တပ်ဆင်ပေးလိုက်၏။ ဒေါ်ခင်ခင်ကြီးက ...

"နှင် ... ဘယ်သူတွေနဲ့ အဆက်အသွယ်ရလဲ ထားထားဝေ ..."

မနက်ဖြန်ကျရောက်မည့် သူ့၏ အသက် (၅၀) ပြည့်မွေးနေ့တွင်၊ ဒေါ်ခင်ခင်ကြီးက ကွဲကွာနေသည့် သူ့၏ငယ်တပည့်များနှင့် တတ်နိုင်သလောက် ပြန်လည်ဆုံစည်းချင်၏ ဒါကြောင့်ပင် ထားထားဝေကို တယ်လီဖုန်းနှင့် ဆက်သွယ်ကာဖိတ်ခိုင်း၏။ တချို့ထံကို အီးမေးလ်ပို့ ဆက်သွယ်၏။ ထားထားဝေက ...

"တချို့က နဂိုနေရာက ပြောင်းသွားကြလို့ ဆက်သွယ်လို့မရဘူး။ တချို့ကျတော့လည်း မအားလို့ မလာနိုင်ဘူးလို့ အကြောင်းပြန်ကြတယ်။ ဒါပေမဲ့ ဆရာမရဲ့ တပည့်ရင်းတွေက

တော့ လာဖြစ်အောင်လာကြမယ်။ သူတို့ဒီနေ့ပဲ ရောက်လာကြ လိမ့်မယ်"

"ဘယ်သူတွေလဲ ..."

"မြင့်ဝင်းမောင်ရယ်၊ ကျော်ကျော်ထိုက်ရယ်၊ မေရီ အောင်ရယ် ပြီးတော့ သော်သော်လည်း လာလိမ့်မယ် ..."

"သော်သော်က ဒီမြို့မှာပဲနေတော့ ပြဿနာမရှိဘူး။ အဝေးကလာတဲ့လူတွေအတွက်တော့ ညှိဝတ်ကျေပွန်အောင် စီစဉ်ထားနော် ..."

"စိတ်ချပါ ဆရာမရဲ့။ သူတို့က ဆရာမရဲ့တပည့်ဖြစ်သလို၊ ကျွန်မရဲ့ သူငယ်ချင်းတွေပဲ မဟုတ်လား"

ထားထားဝေသည် ပိန်ပိန်ပါးပါး အသားဖြူဖြူကလေးနှင့် ရိုးရိုးယဉ်ယဉ် ဝတ်ဆင်တတ်သဖြင့်၊ မြန်မာဆန်ဆန် ဆွဲဆောင်မှုရှိသည့် မိန်းကလေးတစ်ဦးဟု မှတ်ချက်ချနိုင်၏။ မျက်နှာက အနည်းငယ်တည်သယောင်ရှိသော်လည်း၊ ပြုံးလိုက်လျှင် ပေါ်လာသည့် ပါးနှစ်ဘက်ပေါ်မှ ပါးချိုင့်ကလေးများကြောင့်

ချစ်စဖွယ်တစ်မျိုး ကောင်းနေပြန်၏။ သူက ရောက်လာမည့် ဧည့်သည်များ တည်းခိုရန် အိမ်ရှိ အိပ်ခန်းများကို ရှင်းလင်းနေစဉ် ... ဒေါ်ခင်ခင်ကြီးကို နေသာသောအိမ်ရှေ့ မြက်ခင်းပေါ် ချထားခဲ့၏။

ဒေါ်ခင်ခင်ကြီးက ဘီးတပ်ကုလားထိုင်မှ လက်ကိုင်ဘီးများကို ကိုယ်တိုင်တွန်းကာ၊ ခြံအတွင်းရှိ ကွန်ကရစ်လမ်းမှတဆင့် မြေအောက်မြေတိုက်ခန်းကလေးဆီသို့ ရောက်ရှိသွားသည်။ ပြီးတော့ စေ့ရုံသာစေ့ထားသည့် တံခါးကိုတွန်းဖွင့်ကာ အထဲကိုဝင်လိုက်လေသည်။ အသုံးမပြုသည်မှာ ကြာပြီဖြစ်သဖြင့် မြေတိုက်ခန်းထဲတွင် အောက်သိုးသိုး အနံ့ဆိုးများထွက်ပေါ်နေသည်။ အထဲတွင် ဖုံတင်နေသော၊ မှိုတက်နေသော ပင့်ကူမျှင်များ ယှက်နွယ်နေသော ပရိဘောဂများ ရှိသည်။ များများစားစားမဟုတ်။ ကုတင်တစ်လုံး၊ စားပွဲတစ်လုံး နှင့် ကုလားထိုင်တစ်လုံး။

ထူတင်ဘောနံရံတွင် စက္ကူကတ်ထူဖြင့် ပြုလုပ်ထား သည့် ယွန်းဦးခေါင်းပုံ မျက်နှာဖုံးလေး သုံးခုကို ချိတ်ဆွဲထား၏။ ကြည့်နေရင်း ဒေါ်ခင်ခင်ကြီး၏ ရင်ထဲတွင် ဆို့နစ်လာသည်။

"သား ... ယုန်လေး ..."

အသံတိုးတိုးဖြင့် ရည်ရွတ်လိုက်၏။ သားလေးကို သတိရလိုက်တာ။ ဘယ်လိုဝဋ်ကြွေးတွေ သားလေးမှာပါခဲ့လို့ ဒီလိုဘဝမှာ ဒီလောက်ဆိုးဝါးတဲ့အဖြစ်တွေနဲ့ ရင်ဆိုင်တိုးခဲ့ရတာလဲ"

တစ်ခါက ပျော်စရာကောင်းသောဘဝကို ပြန်တွေး ကြည့်ခဲ့သည်။ သူ့ခင်ပွန်း ဦးတင်ထွန်းက ခြံလုပ်ငန်းရှင် သူဌေးလေးပေါက်စ။ ဒီတိုက်ကလေးက သူ့တိုက်ကလေးပင်။ သူက တခြားဒေသမှ ဤမြို့ကလေးတွင် လာရောက်ကာ စီးပွားရေး လုပ်ငန်းလုပ်ကိုင်နေသူ။ တစ်ကောင်ကြွက် ကျောင်းဆရာမ လေးခင်ခင်ကြီးနှင့် မေတ္တာမျှတာကို သူ့မိဘတွေက သဘောမ ကျ။ သို့သော် ဦးတင်ထွန်းက မိဘများ၏ အလိုဆန္ဒကို ဆန့်ကျင်

ကာ ခင်ခင်ကြီးကို လက်ထပ်ယူခဲ့သည်။ ဒီတုန်းက ခင်ခင်ကြီး မိုးမမြင်လေမမြင် ပျော်ခဲ့၏။ သူတို့လက်ထပ်ပြီး ကိုယ်ဝန်ရပြီဆိုသောအခါ ပိုပျော်ရပြန်သည်။ သို့သော် သူ့အပျော်က ကိုတင်ထွန်းအပျော်ကိုမှီမယ်မထင်။ ကိုတင်ထွန်းက ကလေးရူးရူးနေသူဖြစ်သည်။ သူ့ကလေးမွေးလာရင် ဘယ်လိုချစ်မယ်၊ ဘယ်လိုထားမယ်၊ ဘယ်လိုရှေ့ရေးအတွက် စီမံမယ်ဟု စိတ်ကူးတွေယဉ်နေခဲ့သူ ဖြစ်၏။ သို့သော် ...

နေ့လစေ့၍ ကလေးကိုမွေးဖွားလာသောအခါ၌မူ၊ မိဘနှစ်ပါးလုံးမှာ ရင်ကွဲပက်လက်ဖြစ်ရလေတော့သည်။ ကလေးမှာ သားယောကျ်ားလေး ဖြစ်၏။ သို့သော် ရုပ်ပျက်ဆင်းပျက်မျက်နှာက မမြင်ဝံ့မရှုဝံ့အောင် ဆိုးရွား၍ နေလေ၏။ နဖူး တတောင်းလိုမောက်၏။ မျက်လုံးကတစ်ဖက်မပါ။ ပါသည့် တစ်ဖက်ကလဲ ပြူးကျယ်ကာ အပြင်သို့ အလုံးလိုက် ထွက်နေ၏။ နှာခေါင်းက တိုကာလန်နေသဖြင့် နှာခေါင်းပေါက်တွေကို အ

တိုင်းသားမြင်နေသည်။အပေါ်နှုတ်ခမ်းမပါ မညီမညာပေါက်နေသောသွားတွေကလည်း ပုံမှန်ထက်သုံးလေးဆကြီးနေ၏။ သွားစွယ်နှစ်ဖက်ကလဲ အပြင်သို့ ငေါ်ထွက်နေသေးသည်။ ပြောရလျှင် ဘီလူးလေးတစ်ကောင်အတိုင်းပင် ဖြစ်လေသည်။ ပြီးတော့ ဆွံ့အ၍လည်း နေသေး၏။

ကိုတင်ထွန်းမှာ ကလေးကိုမြင်ပြီး အိမ်က ထွက်သွားတော့၏။ တစ်နှစ်လောက်ကြာမှ ပြန်ရောက်လာ၏။ သို့သော် ကလေးကို ထိခြင်းကိုင်ခြင်းပင်မပြု။ ကြည့်လဲမကြည့်။ အရက်ကိုသာ အဖော်ပြုနေတော့သည်။ အမေဖြစ်သူ ခင်ခင်ကြီးကတော့ မည်မျှအရုပ်ဆိုးပါစေ ရင်၌ဖြစ်သောသားကို မပစ်ရက်သလို၊ အချစ်လည်းမပျက်။ ကံဆိုးသူလေးမို့ သနားတာပင်ပိုနေသေးသည်။ သို့သော် ကိုတင်ထွန်းက ကလေးသုံးနှစ်သားတွင် ကလေးကို မြေတိုက်ခန်းထဲ ပို့ထားလိုက်တော့၏။

အိမ်ကိုလာလည်သော ဧည့်သည်တွေက သူတို့သား

ရုပ်ဆိုးကိုမြင်လျှင် ထိတ်လန့်ကြ၏။ မနှစ်မမြို့ဖြစ်ကြ၏။ ဝါ လာသောကလေးတွေက ကြောက်ရွံ့ကာငိုကြ၏။ ဒီလိုနှင့် ရုပ်ဆိုးသည် မြေတိုက်ခန်းထဲတွင်သာ ကြီးပြင်းလာခဲ့ရတော့သည်။ ရုပ်ဆိုးသည် မြေတိုက်ခန်းထဲတွင်၊ အပေါင်းအသင်း ကစားဖော်ပင်မရှိဘဲ တစ်ကိုယ်တည်းကြီးပြင်းလာရသည်။ သူသည် ပန်းချီရေးခြင်းဖြင့်သာ အပန်းဖြေရ၏။ ဒေါ်ခင်ခင်ကြီးက သူ့အတွက် ပုံဆွဲစာအုပ်တွေ၊ ရောင်စုံခဲတံတွေ ဝယ်ပေးထား၏။ ရုပ်ဆိုးက ယုန်ခေါင်းပုံ မျက်နှာဖုံးလေးများကို စက္ကူကတ်ထူပေါ်တွင် ကိုယ်တိုင်ဆွဲကာ ပြုလုပ်၍၊ နောက်ဘက်တွင် ကြိုးနှင့်သိုင်းကာ မျက်နှာမှာ ချိတ်ဆွဲထားတတ်၏။ ရုပ်ဆင်းသဏ္ဌာန်ဆိုးဝါးလှသည့် သူ့မျက်နှာကို မျက်နှာဖုံးဖြင့် ဖုံးကွယ်ဖို့ ကြိုးစားခြင်းလည်း ဖြစ်သည်။ သူ့ကို ယုန်မျက်နှာဖုံးဖြင့် အမြဲတွေ့ရသဖြင့် ယုန်လေးဟု ခင်ခင်ကြီးတပည့်တွေက ခေါ်ကြသည်။

ယုန်လေး(၇)နှစ်သားအရွယ်တွင် ဆိုးဝါးလှသည့် ဖြစ်

ရုပ်တစ်ခုနှင့် ကြုံရပြန်သည်။ ဘယ်လိုမှသည်းခံနိုင်စွမ်းရှိတော့ဟန်မတူသော ကိုတင်ထွန်းသည် အရက်တွေ အလွန်အကျွံမူးနေသော တစ်နေ့ယုန်လေးနေထိုင်ရာ မြေတိုက်ခန်းအတွင်း ဝင်လာကာ၊ ယုန်လေးရှေ့မှာပင် ထုတ်တန်းတွင်ကြိုးချည်၍ ဆွဲကြိုးချသေသွားခြင်း ဖြစ်လေသည်။

"ဆရာမ ... ဆရာမ ဒီရောက်နေတာကိုး"

သူ့နောက်မှ ထားထားဝေ၏ အသံထွက်ပေါ်လာတော့မှ ဒေါ်ခင်ခင်ကြီး၏ အတွေးစတွေက ပြတ်တောက်သွားကာ၊ ပစ္စုပ္ပန်ဆီ အာရုံ ပြန်ရောက်လာသည်။ သူမြေတိုက်ခန်းထဲတွင် တစ်ကိုယ်တည်း အတွေးနယ်ချဲ့မိနေခြင်း ဖြစ်သည်။

"အပြင်ထွက်ရအောင် ဆရာမ ။ ကျော်ကျော်ထိုက်ရောက်နေပြီ"

ဟုဆိုကာထားထားဝေက လက်တွန်းလှည်းကိုတွန်းပြီး အပြင်ပြန်ထွက်ခဲ့၏။ အပြင်တွင် ရရှိလိုက်သည့် လေ

ကောင်းလေသန့်နှင့် အလင်းရောင်က၊ဒေါ်ခင်ခင်ကြီး ခေါင်းထဲက အမှောင်ထုကို တွန်းဖယ်ထုတ်လိုက်၏။ အိမ်ရှေ့တွင် မော်တော်ဆိုင်ကယ် တစ်စီး ရပ်ထား၏ ။ ထိုမော်တော်ဆိုင်ကယ်ဘေးတွင် ဂျင်းဘောင်းဘီနှင့် သားရေဂျာကင်တစ်ထည်ကိုဝတ်ဆင်ထားသော ဆံပင်ရှည်ရှည်နှင့်လူရွယ်တစ်ယောက် ဟန်ပါပါ ရပ်၍ နေသည်။ အရပ်အမောင်း ခပ်မြင့်မြင့်၊ နှာခေါင်း ချွန်ချွန်၊ မေးရိုးကားကား။

ဒေါ်ခင်ခင်ကြီးကို မြင်တော့ သူက ခပ်သွက်သွက် လျှောက်လာကာ အပြုံးဖြင့် နှုတ်ဆက်လိုက်၏။

"ဆရာမ ... နေကောင်းတယ်နော်။ ကျွန်တော်ကျော်ကျော်ထိုက်ပါ"

"မြင်တာနဲ့သိတယ်။ မင်းငယ်ရုပ် သိပ်မပြောင်းဘူး။ ငါ့မွေးနေ့ကို ခုလို တကူးတက ရောက်အောင်လာတာ ကျေးဇူးပဲ မောင်ကျော်ကျော်ထိုက်"

× × ×

ဒုက္ခရောက်နေတာက မြင့်ဝင်းမောင် ဖြစ်သည်။ အသက်အရွယ်နှင့် စာလျှင် လူက ခပ်ဖိုင့်ဖိုင့် ဖြစ်နေသည်။ ပြီးတော့ သူ့ခြေထောက်တစ်ဖက်က မကောင်း။ ယခုလို အေးသောရာသီရောက်လျှင် ဒူးက ကိုက်ခဲနေတတ်၏။ မိုးကအုံ့ပျနေသည့်တိုင်အောင်၊ သူ့ခန္ဓာကိုယ်မှာ ချွေးစို့စပြုနေလေပြီ။

ဘူတာကအထွက် သူကားကြုံလိုက်ခဲ့ခြင်း ဖြစ်သည်။ ကားကြုံက၊ လမ်းခွဲရောက်တော့ သူ့ကိုချထားခဲ့၏။ သွားရမယ့်လမ်းက တစ်နေ့ရာစီ။ ဤနေရာတွင် လိုင်းကားမရှိ။ အငှားကားမရှိ။ သူ့ခြေထောက်တွေကိုသာ အားကိုးရတော့၏။ ဆရာမ

ဒေါ်ခင်ခင်ကြီး၏ အသက် (၅၀) ပြည့်မွေးနေ့ဆိုသဖြင့်သာ အား ခဲလာခဲ့ရ၏။ သူက သိပ်တော့ စိတ်မပါလှ။

တစ်ခါက ...

သူတို့တစ်တွေ ကိုးနှစ်၊ဆယ်နှစ်အရွယ် လေးတန်း ကျောင်းသား၊ကျောင်းသူများ ဘ၀က ဆရာမက အိမ်မှာ ခေါ်၍ စာသင်ပေးသည်။အဲဒီတုန်းက တစ်စုတစ်ဝေးတည်း စာသင်ကြ ဆော့ကစားကြ။ အဲဒီကတည်းက ကွဲသွားတဲ့သူငယ်ချင်းတွေ ဘယ်သူတွေများ တွေ့ရလေသလဲ၊ မျှော်လင့်ချက်ဖြင့် ရောက် လာခြင်း ဖြစ်သည်။ သူ့ဆီကို ဖုန်းဆက်ပြောသော ထားထားဝေ စကားအရ မေရီအောင်တို့ ကျော်ကျော်ထိုက်တို့လည်း ရောက် လာကြမည်ဟု ဆိုသည်။

သူလမ်းလျှောက်လာစဉ်၊ သူ့ဘေးမှ အနီရောင်အမိုးဖွင့် ကားလေးတစ်စီး ဖြတ်မောင်းသွား၏။ သူက အမှတ်တမဲ့မို့ ကား မောင်းသူကို မမြင်လိုက်။ ထိုကားကလေးက ရှေ့ခပ်လှမ်းလှမ်း

တွင်ရပ်ကာ၊ နောက်ပြန် ပြန်ဆုတ်လိုက်၏။ ပြီးတော့ သူ့ဘေး မှာ ရပ်လိုက်သည်။ ကားမောင်းလာသူက၊ နေကာမျက်မှန်မည်း မည်းတစ်လက် တပ်ဆင်ထားသော မိန်းမလှလေးတစ်ဦး။ သူ့ ကားအရောင်ကိုပင်၊ လိုက်ဖက်သည့် အနီရောင် စတိုင်ကျကျ ဂါဝန်တစ်ထည်ကို ဝတ်ဆင်ထား၏။ သူ့ကို ဟန်ပါပါကြည့် ကာ ...

"မြင့်ဝင်းမောင် လာလေ၊ ကားပေါ်ကိုတက်"

ဟုခေါ်လိုက်၏။

မြင့်ဝင်းမောင်မှာ အံ့အားအသင့်ကြီး သင့်နေသည်။ သူမသိသော ကောင်မလေးတစ်ယောက်က၊ သူ့ကိုကားရပ်ကာ ခေါ်နေသည်။ ထူးဆန်းလေစွ။ ပြီးတော့ ဒီကောင်မလေးက ဘာ ကြောင့် သူ့နာမည်ကို သိနေသနည်း။ ကားပေါ်က ကောင်မ လေးက စိတ်မရှည်သလို နှုတ်ခမ်းစူလိုက်ကာ ...

"ဖက်တီး ... နင်ငါ့ကိုတောင် မသိတော့ဘူးလား။ ငါ မေရီအောင်လေ"

ဟုဆိုလိုက်၏။ အံ့ဩသောမျက်နှာပေါ်တွင် ဝမ်းသာ ဝမ်းမြောက်မှုတွေ ပြောင်းလဲသွား၏။ မြင့်ဝင်းမောင်က မယုံ သလို ...

"မေရီအောင် နင်တကယ်ပဲ မေရီအောင် ဟုတ်လား။ မင်းသမီး ဟုတ်လား"

ဟုထပ်တလဲလဲ မေးလိုက်၏။ ဖက်တီးဆိုတာ သူ့နာမည်ပြောင် ဖြစ်သလို၊မင်းသမီးဆိုတာကလည်း မေရီအောင်၏ နာမည်ပြောင်ဖြစ်သည်။မေရီအောင်ကငယ်ငယ်ကတည်းက အလှအင်မတန်ကြိုက်၏။ ကြီးလာရင် ရုပ်ရှင်မင်းသမီးလုပ်မယ် ဟု အမြဲကြွေးကြော်တတ်၏။ ကျောင်းနေဘက် သူငယ်ချင်းတွေအားလုံးက သူ့ကို မင်းသမီးဟု လှောင်ပြောင် ခေါ်ကြသည်။

"နင်က သိပ်လှနေတော့ ငါမမှတ်မိဘူး"

ဟု ပြောပြောဆိုဆို ကားတံခါးဆွဲဖွင့်ကာ၊ မေရီအောင် ဘေးတွင် မြင့်ဝင်းအောင်က ဝင်ထိုင်လိုက်၏။

မကြာမီမှာပင် ကားနီနီကလေးသည် ဒေါ်ခင်ခင်ကြီး အိမ်ရှိရာအရပ်ကို ဦးတည်ကာ၊ အရှိန်ဖြင့် မောင်းနှင်ထွက်ခွာ သွားလေတော့သည်။

× × ×

43

သူတို့နှစ်ယောက်လုံးပင် ဆရာမအခန်းထဲတွင် တွေ့ကာ ဂါရဝပြု၏။ မေရီအောင်က လိုက်လိုက်လှဲလှဲပင် နှုတ်ဆက်သည်။ တစ်ခုတော့ ပြောစရာရှိသည်။ သူ့မျက်နှာပေါ်က နေကာမျက်မှန်မည်းမည်းကြီးကိုတော့ လုံးဝမချွတ်။ ဆရာမက ဝမ်းသာအားရပြုံးကာ ...

"မင်းတို့နှစ်ယောက်က အတူတူလာကြတာလား"

ဟုမေး၏။ မြင့်ဝင်းမောင်က ...

"မဟုတ်ဘူးဆရာမ လမ်းမှာတွေ့လို့ ကျွန်တော်က သူ့ကားကို ကပ်စီးလာတာပါ"

"ကျွန်မကို မမှတ်မိချင်ယောင်ဆောင်နေလို့ မနည်းခေါ် ဘင်လာရတာ ဆရာမရဲ့"

တစ်ယောက်တစ်ပေါက် ပြောနေကျတာကိုကြည့်ပြီး၊ ဆေါ်ခင်ခင်ကြီးက ရယ်နေသည်။ သူတို့အားလုံး အသက် (၂၅) ပတ်ဝန်းကျင် သို့မဟုတ် ဒီ့ထက်ကြီးသူတွေ ဖြစ်သည်။ သို့ သော် တကယ့်ကိုးနှစ်ဆယ်နှစ်အရွယ်ကလေးတွေလို ဖြစ်နေ ကြ၏။အရင် သူတို့ ဤနေရာတွင် စုဝေးပညာသင်ကြစဉ်က အဖြစ်တွေမှာ အမှတ်ရစရာဖြစ်လာ၏။

"ကဲ ... ကဲ မင်းတို့အတွက် အခန်းတွေ ပြင်ထား တယ်။ခရီးပန်းလာကြတယ်။ သွားနားလိုက်ကြဦး"

ဆိုမှ သူ့အခန်းထဲက ထွက်သွားကြသည် ။ နောက် ဖေးမီးဖိုခန်းထဲတွင် စားဖို့သောက်ဖို့ ထားထားဝေက စီမံချက် ပြုတ် နေ၏။ကျော်ကျော်ထိုက်က မီးဖိုခန်းထဲရောက်လာကာ ကော်ဖီတစ်ခွက် ဖျော်သောက်နေရင်း၊ထားထားဝေအားကြည့် ကာ ...

"နင်က ဘယ်တုန်းက ဆရာမဆီ ရောက်နေတာလဲ"

ဟုမေးလိုက်၏။ ထားထားဝေက ...

"တစ်နှစ်လောက်ရှိပြီ။ ငါ့မှာလည်း တခြားတွယ်တာစရာ မရှိဘူး။ ဆရာမကလည်း နင်တို့ မြင်တဲ့အတိုင်းပဲ။ လူတစ်ယောက်ရဲ့ အကူအညီမရှိဘဲ မနေနိုင်ဘူး မဟုတ်လား"

နဂိုကတည်းက ထားထားဝေဆင်းရဲတာသူသိနေ၏။ သူတို့မိသားစုကတော့ ဤမြို့ကလေးက ပြောင်းမသွားခင် အခြေအနေကလည်း ဆင်းတောင့်ဆင်းရဲမဟုတ်။

"သော်သော်ရော ဒီကောင်လာသေးလား"

ဟု ကျော်ကျော်ထိုက်က မေးလိုက်သည်။

"သူက ဒီမြို့မှာပဲ နေပေမဲ့ ဒီနေရာနဲ့က အလှမ်းဝေးတယ်။ ဒါပေမဲ့ တစ်ပတ်တစ်ခါလောက်တော့ ဆရာမဆီ ရောက်အောင် လာတတ်ပါတယ်"

"ဒီကောင်က အရင်ကလိုပဲ ဂျစ်ကပ်ကပ်လား"

ငယ်စဉ်က သူတို့နှစ်ယောက် မတည့်။ တကယ်တော့ သော်သော်က ဘယ်သူနှင့်မှ ကောင်းကောင်းတည့်သည်ဟု မဆိုနိုင်။ ဤအဖွဲ့ထဲတွင် သူက အဆင်းရဲဆုံးဆိုတော့၊ သူ့ဖာသာသိမ်ငယ်စိတ်ဖြင့် တစ်ကိုယ်တည်း ခွဲခြားခွဲခြား နေလှုင်တတ်သည်။ ဒါကိုပင် ဒီကောင်က အေးတိအေးစက် မှုန်ကုတ်ကုတ်ဟု ကျော်ကျော်ထိုက်တို့က ကြည့်မရ ဖြစ်နေလေသည်။

ကျော်ကျော်ထိုက်က မီးဖိုနံရံကပ်ပေါ်မှ ဖန်ပုလင်းတစ်လုံးကို ဆွဲယူကာ ကြည့်ရင်း ...

"ဒါတွေက ဘာတွေလဲ"

ဟုမေးလိုက်၏။ သူက အရွယ်ရောက်ကာမှ အနည်းငယ် သောက်တတ်စားတတ် လာသည်။ သို့သော် ဆရာမကို ဂါရဝထားရမည်ဖြစ်သဖြင့်၊ ဒီမှာ နေသရွေ့ မသောက်ပဲ နေမည်ဟု ဆုံးဖြတ်ထား၏။

"ဒါ ဝိုင်တွေလား ..."

မေးတော့ ထားထားဝေက ပြုံးကာ ...

"မဟုတ်ပါဘူး။ သပျစ်သီးအစိမ်းကို ချက်ထားတာ။ မိန်းမတွေပါ သောက်လို့ရတဲ့ ဖျော်ရည်ပေါ့"

ပုလင်းထဲက အရည်များမှာ ပယင်းရောင်လဲ့လဲ့ ရွှန်းမြလှပနေသည်။ ပုလင်းအဖုံးကိုဖွင့်ကာ၊ ကျော်ကျော်ထိုက်က နမ်းကြည့်တော့၊ မွှေးပျံ့ပျံ့စွဲမက်ဖွယ် ရနံ့ကိုရ၏။

"ငါ နည်းနည်းသောက်ကြည့်မယ်"

သို့သော် သူ့လက်ထဲက ပုလင်းကို ထားထားဝေက လုယူလိုက်ကာ ...

"ညနေ စားသောက်ပွဲကျ တိုက်မယ်။ အားလုံး အတူတူ သောက်ကြရမှာ။ နင်က အခွင့်အရေးပိုမယူချင်နဲ့"

ဟုပြောလိုက်၏။ ကျော်ကျော်ထိုက်က လက်လျှော့လိုက်သည်။ ပြတင်းဝကနေ ခြံထဲကိုလှမ်းကြည့်ရင်း ...

"ဟောဟိုက လာနေတာ သော်သော်လား"

ဟု ထားထားဝေကို မေးလိုက်လေသည်။

✸ မြင်ရသည့်အရာကို ကြောက်ရွံ့နေသော်လည်း ထွက်ခွာ၍မရနိုင်အောင် နေရာတွင် သံမှိုစွဲထားဘိသကဲ့သို့ ခန္ဓာကိုယ်မှာ လှုပ်ရှားမရ ဖြစ်နေ၏။ ထိုအခိုက်မှာပင် သူ့ရှေ့တွင် ကျောပေးရပ်နေသူက၊ နောက်သို့ လှည့်လိုက်သောအခါတွင်မူ ...

(၃) မြေတိုက်ခန်းထဲမှ ကလေးတစ်ယောက်

## (၃) မြေတိုက်ခန်းထဲမှ ကလေးတစ်ယောက်

သော်သော်သည် အသားလတ်လတ်၊ အရပ်မနိမ့်မမြင့်နှင့် ကျစ်လစ်သောကိုယ်ကာယရှိသည့် လူငယ်တစ်ဦးဖြစ်သည်။ ဆရာမ မွေးနေ့ပွဲကို ရောက်လာသည်ဆိုသည့်တိုင်အောင်၊ သူ့ပုံစံက သာမန်သာ ဖြစ်၏။ အဝတ်အစားတွေက အိမ်နေရင်းဝတ်နေကျ အဝတ်အစားတွေလို ခပ်နွမ်းနွမ်း။ ရှပ်အင်္ကျီအနီကွက်ကို တံတောင်ဆစ်အထိရောက်အောင် အင်္ကျီလက်ခေါက်၍ အောက်

က အရောင်လွင့်ပျယ်စပြုနေပြီဖြစ်သော ဂျင်းအရောင်အနက် ဘောင်းဘီကို ဝတ်ဆင်ထား၏။ အကျီအဝတ်အစားတွေလိုပင် သူ့မျက်နှာကလည်း ခပ်နွမ်းနွမ်း ရှိနေသည်။ ဆံပင်ရှည်တွေက မျက်နှာတစ်ခြမ်းပေါ် ဝဲကျနေ၏။ မျက်လုံးတွေက မှိုင်းမှိုင်း မှုန်မှုန်။ မျက်နှာက မရွှင်မပျ။ ဒီလိုပုံစံနှင့် ဘာကြောင့် မွေးနေ့ပွဲကို ရောက်လာရသေးလဲဟု မေးခွန်းထုတ်စရာ ဖြစ်နေသည်။

ခြံထဲက သစ်ပင်တစ်ပင်အောက်တွင် ရပ်စကားပြောနေကြသော မေရီအောင်နှင့် မြင့်ဝင်းမောင်တို့ နှစ်ယောက်အနက်၊ ဖော်ရွေတတ်သော မေရီအောင်က လှမ်းကာ နှုတ်ဆက်သည်။

"ဟော့ သော်သော် ဒီကိုလာဟော့ ..."

မပြုံးမရယ် ခပ်တည်တည်မျက်နှာနှင့် သော်သော်က သူတို့အနားကို ရောက်လာသည်။ မြင့်ဝင်းမောင်က ...

"မင်း ဒီအိမ်ကို ဒီလိုပဲ အမြဲလာနေကျလား"

"တစ်ပတ်တစ်ခါလောက်ပါ။ ဆရာမအတွက် ထင်းခွဲပေးတယ်။ ခြံရှင်းပေးတယ်။"

"ဒါထက် ဆရာမက ဘာလို့ သူ့မွေးနေ့ပွဲကို လုပ်ချင်တာတဲ့လဲ"

"ငါဘယ်သိမလဲ ..."

မေရီအောင်က ကြားဝင်ကာ ...

"မတွေ့တာကြာပြီဖြစ်တဲ့ သူ့တပည့်တွေကို တွေ့ချင်လို့ နေမှာပေါ့။ လူကြီးတွေက အသက်ကြီးလာရင် ဒီလိုပဲလို့ ပြောကြဆိုကြတာ ကြားဖူးတယ်။"

"နင်တို့ စကားပြောကြဦး။ မီးဖိုထဲက ထားထားဝေကို ငါ သွားကူလိုက်ဦးမယ်"

မေရီအောင်က ထိုနေရာက ထွက်လာခဲ့သည်။ မီးဖိုထဲဝင်လာခဲ့၏။ ထားထားဝေက ချက်ရေးပြုတ်ရေးဖြင့် အလုပ်ရှုပ်နေသည်။ မေရီအောင်က ...

"ငါ ဘာကူလုပ်ပေးရဦးမလဲ ဝေ"

"မလိုပါဘူး။ ငါတစ်ယောက်တည်း လုပ်နိုင်ပါတယ်။ မနက်စာစားဖို့ တော်တော်ကြာ အဆင်သင့် ဖြစ်တော့မယ်။ နင်

အေးအေးဆေးဆေးသာနေ"

မေရီအောင်က မီးဖိုနံရံတွင်ချိတ်ဆွဲထားသည့် ပန်းချီကားတွေကို ငေးမောလျှောက်ကြည့်သည်။ သူတို့ငယ်ငယ်က ရေးဆွဲခဲ့သည့်ပန်းချီကားလေးတွေ ဖြစ်ကာ၊ သူတို့ပင်မေ့လျော့စပြုနေလေပြီ။ သူတို့ဆရာမက ယခုလို ထိန်းသိမ်းစောင့်ရှောက်ထားတာတွေ့ရတော့ ဝမ်းသာကြည်နူးမိသည်။ မေရီအောင်က သူ့ပန်းချီကားလေးကို သူသတိရနေ၏။ ဂါဝန်လှလှလေး ဝတ်ဆင်ထားသော မော်ဒယ်ဂဲလ်တစ်ယောက်ပုံ ဖြစ်၏။ သူထာဝရမြင်မက်ခဲ့ရသော အိမ်မက်တစ်ခု။ သို့သော် မထင်မှတ်သောကံကြမ္မာတစ်ခုက သူ့အား ထိုမျှော်လင့်ချက်အိမ်မက်ဖြင့် လွဲချော်ခဲ့သည်။ ဒါကြောင့် သူသည် အကျီအဝတ်အစား တီထွင်ဖန်တီးသည့် ဖက်ရှင်ဒီဇိုင်းဆရာမ ဖြစ်ခဲ့လေသည်။

ငေးငိုင်နေသော မေရီအောင်ကို ထားထားဝေက တစ်ချက် လှည့်ကြည့်လိုက်၏။သူ့မျက်နှာတွင် အိမ်ကို စတင်ရောက်လာကတည်းက တပ်ဆင်ထားသော နေကာမျက်မှန်မည်းမည်း

ကြီးကိုမချွတ်ပဲ တပ်ဆင်ထားမြဲဖြစ်တာ သတိပြုလိုက်မိ၏။ထားထားဝေ စာနာနိုင်ပါသည်။ မေရီအောင်သည် သူ့၏အကျည်းတန်ဆုံးအရာကို ဖုံးကွယ်ဖို့ ကြိုးစားနေတာ သိသာလှသည်။

ထားထားဝေက မေရီအောင်ဘေးသွားရပ်ကာ၊ နံရံပေါ်က ပန်းချီကားတစ်ချပ်ကို လက်ညှိုးထိုးပြရင်း ...

"ဒီပန်းချီကားကိုရော၊ ဘယ်သူရေးတာလို့ အမှတ်ရသေးလား" ဟုမေးလိုက်၏။

ပန်းချီက ကလေးအမြင်ဖြင့် ရေးဆွဲထားခြင်း ဖြစ်သော်လည်း မော်တော်ကားသွားရာ ကတ္တရာလမ်းတစ်ခု ဖြစ်ကြောင်း သိသာနိုင်သည်။ ထိုလမ်းပေါ်တွင် အနီရောင်အကွက်တွေကိုပါ တွေ့ရရာ၊ သွေးကွက်တွေနှင့် တူညီလှသည်။ မေရီအောင်က

"ငါသိပြီ။ ဒါသော်သော်ပန်းချီကားပဲ ဖြစ်ရမယ်။ သူ့အမေ ကားတိုက်ခံရတာ တို့တစ်တန်းလုံး သိတယ်လေ။"

"နင်တော်တယ်"

ဟု ထားထားဝေက ချီးမွမ်းလိုက်လေသည်။

× × ×

ကျော်ကျော်ထိုက်သည် တစ်ကိုယ်တည်း ခြံထဲတွင် လမ်းလျှောက်လာရင်း မြေတိုက်ခန်းရှိရာ အနောက်ဘက်ကို ရောက်လာသည်။ မြေတိုက်ခန်းတံခါးက အနည်းငယ်ပွင့်ဟ နေသဖြင့် အခန်းတံခါးကို တွန်းဖွင့်ကာ၊ အထဲသို့ လှမ်းဝင် လိုက်သည်။ မြေတိုက်ခန်းထဲကို အလင်းရောင်ရစေရန်၊ အိမ် မကြီး၏ အောက်ခြေ၌ ဖောက်ထားသော မှန်တံခါးပေါက် ရှိ ၏။ထိုမှန်တံခါးပေါက်မှာ တစ်တောင်ခန့်ကျယ်သဖြင့် ထိုအ ပေါက်မှ လူဝင်ထွက် မရစေရန် ခပ်မြဲမြဲ သံတိုင်များ စိုက်၍ ထား၏။ တပ်ထားသော မှန်တံခါးမှာ အရှင်ဖြစ်သဖြင့် လေ ဝင်လေထွက်ကောင်းစေရန် မှန်တံခါးကို တစ်ဝက်ခန့် လှန်၍ လည်း ရလေသည်။

သူတို့ငယ်ငယ်က ဤအခန်းထဲတွင် ဆရာမ၏သား ဖြစ်သော ရုပ်ဆိုးကို လှောင်ထားတာ အမှတ်ရနေ၏။ရုပ်ဆိုးကိုတွေ့ရစေရန်၊ သူတို့သည် ဆရာမအလစ်တွင် ဤမှန်တံခါးပေါက်မှ လာရောက်ချောင်းကြည့်လေ့ ရှိ၏။ ရုပ်ဆိုးကားမြင်သူတွေ ကြောက်လန့်စရာကောင်းလောက်အောင်ပင် ရုပ်ဆိုးလှ၏။ ဘီလူး၊ သရဲတွေကပင် လက်မြှောက် အရှုံးပေးရလောက်အောင် အရုပ်ဆိုး၏။ ချောင်းကြည့်၍ ရုပ်ဆိုးကိုမြင်လျှင် သူတို့သည် ကြောက်လန့်တကြားဖြစ်ကာ အော်ဟစ်ပြေးလေ့ ရှိသည်။ကလေးတို့သဘာဝ ဒါကိုပင် ပျော်စရာဟု သဘောထားနေကြ၏။ ဆရာမကတော့ ဤကိစ္စကို မနှစ်မြို့။ ဒါကြောင့် သူ့တပည့်တွေကို ဤမြေတိုက်ခန်း မလွယ်ပေါက် မှန်တံခါးဆီ၊ ဘယ်သူမှမသွားရဟု တင်းတင်းကြပ်ကြပ် တားမြစ်ထားလေသည်။ ရုပ်ဆိုးကမူ ကျောင်းလွှတ်ချိန် သူတို့ကလေးတစ်သိုက် ပြေးလွှားဆော့ကစားနေသည်ကို အားကျသည့် မျက်လုံးများဖြင့်

ဤမလွယ်ပေါက်ကလေးမှ ချောင်းမြောင်းကြည့်ရှု နေတတ်၏။ တကယ်တော့ သူ့အရပ်နှင့် မှန်ပြတင်းပေါက်ကလေးကို မမှီနိုင်။ ကုလားထိုင်ကို ထိုနံရံအနားထိအောင် ရွှေ့ကာ၊ ကုလားထိုင်ပေါ် တက်၍ မတ်တတ်ရပ်ကြည့်ခြင်းသာ ဖြစ်သည်။ ထိုအခါမျိုး၌ ရုပ်ဆိုးသည် သူ့မျက်နှာကို ယုန်မျက်နှာဖုံးကလေးဖြင့် ဖုံးကွယ်ထားလေ့ ရှိလေသည်။

အရင်ကလေးဘဝကတော့ ဒီအခန်းထဲကို တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသဖြင့်၊ အထဲကို ဝင်ကြည့်ချင်သည်။ ယခုလို အထဲကို တကယ်ရောက်လာတော့လည်း စိတ်ထဲမှာ မသိုးမသန့် ဖြစ်နေသည်။ ဤအခန်းထဲတွင် ဆရာမ၏ ယောကျ်ားသည် ဆွဲကြိုးချကာ သတ်သေခဲ့သည်။ပြီးတော့ ဤအခန်းမှာသရဲသဘက်တစ်ကောင်နှင့် မခြား အရုပ်ဆိုးလှသော ကောင်လေးတစ်ကောင်၏ နေထိုင်ရာအခန်းသာ ဖြစ်လေသည်။ ဒါကြောင့် ဤအခန်းထဲက မြန်မြန်ပြန်ထွက်တော့မည် ဟုကျော်ကျော်ထိုက်က စိတ်ကူးလိုက်စဉ်၊ သူဝင်လာသောတံခါးက ဝုန်းခနဲ

မည်ကာ ပိတ်သွားလေသည်။ လေဆောင့်တိုးသဖြင့် ရုတ်တရက်ပိတ်သွားခြင်း ဖြစ်နိုင်သည်။ သို့သော် ...

ပင်မတံခါးကြီးပိတ်သွားသဖြင့် မြေတိုက်ခန်းမှာ ပို၍မှောင်မိုက်သွားလေသည်။ ကျော်ကျော်ထိုက်က ငယ်ငယ်ကပင်ခပ်မိုက်မိုက်နေတတ်သူဖြစ်သည်။ ရွယ်တူခြင်းဆို ဘယ်သူမှ ဗိုလ်မထား။ ရန်ပွဲအလီလီနွှဲဖူး၏။ သို့သော် လူခြင်းသာမကြောက်တတ်သော်လည်း တစ္ဆေသရဲဆိုလျှင်တော့ ကြောက်တတ်၏။ ငယ်စဉ်ကတည်းက မှောင်မိုက်သောနေရာတွေကို မသွားဝံ့၊ မလာဝံ့။ ယခုလည်း ရင်ထဲတွင် ဒိန်းကနဲ ဖြစ်သွား၏။ ထိုစဉ်မှာပင် နံရံကိုကျောပေးကာ ရပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။ အဝတ်အစားတွေကြည့်ရတာ ရုပ်ဆိုးနှင့်တော်တော်တူ၏။ရုပ်ဆိုးသည် ရှပ်အင်္ကျီလက်ရှည်များကို လက်မခေါက်ဘဲ ကြယ်သီးမတပ်ဘဲ ဝတ်ထား၏။ ဘောင်းဘီကသည်း ခါးတွင် သားရေကြိုးအရှုံ့ တပ်ထားသော၊ ဖလံထည်

ဆောင်းဘီပွပွကြီးများသာ ဖြစ်သည်။ ယခု အမှောင်ထဲတွင် ဝိုးတဝါးမြင်ရသူ ဝတ်ဆင်ထားကလည်း ထိုပုံစံအတိုင်းပင် ဖြစ်သည်။ မြင်ရသောအရာကို ကြောက်ရွံ့နေသော်လည်း ထွက်ခွာ၍မရအောင် နေရာတွင် သံမှိုစွဲထားသကဲ့သို့ ခန္ဓာကိုယ်မှာ လှုပ်ရှားမရ ဖြစ်နေ၏။ ထိုအခိုက်မှာပင် သူ့ရှေ့တွင် ကျောပေးရပ်နေသူက၊ နောက်သို့လှည့်လိုက်သောအခါတွင်မူ ...

× × ×

ပန်းခြံထဲတွင် စကားပြောနေကြသော ထားထားဝေ၊ မေရီအောင်နှင့် မြင့်ဝင်းမောင်တို့သည် မြေတိုက်ခန်းတံခါးကို အတွင်းမှ တဝုန်းဝုန်းထုသံကြောင့်၊ မြေတိုက်ခန်းရှိရာ စုဝေး ရောက်ရှိလာကြသည်။

"မြေတိုက်ခန်းထဲ ဘယ်သူရောက်နေတာလဲ"

"ဘယ်သူပဲရောက်ရောက် တံခါးမြန်မြန်ဖွင့်လိုက်"

မြေတိုက်ခန်းတံခါးမှာ အပြင်မှ သော့ချထားသည်ကို တွေ့ရသဖြင့် ဆွဲဖွင့်ပေးလိုက်ရသည်။ အထဲက ထွက်လာသူမှာ

ကျော်ကျော်ထိုက် ဖြစ်သည်။ ကျော်ကျော်ထိုက်မှာ မျက်နှာဖြူ ဖတ်ဖြူရော် ဖြစ်ကာ၊ ချွေးတွေ စိုရွှဲနေ၏။ မေရီအောင်က ...

"နင်ဘာဖြစ်လာတာလဲ ..."

"ငါ ... သရဲ သရဲ အခြောက်ခံရလို့"

"မဖြစ်နိုင်တာ" ဟု မေရီအောင်က ပြောလိုက်သည်။

မြင့်ဝင်းမောင်ကလဲ ...

"မင်းက ခေတ်လူငယ် ဖြစ်ပြီး ၊ မဟုတ်တာတွေ ယုံကြည်နေရလား"

ဟု အပြစ်တင်လိုက်၏။ ထားထားဝေကသာ ...

"နင်က ဘာဖြစ်လို့ ဒီအခန်းထဲဝင်သွားရတာလဲ။နင်မြင်ရတဲ့ သရဲက ရုပ်ဆိုး မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ် ..."

အားတက်သရော ကျော်ကျော်ထိုက်က ခေါင်းညိတ်ထောက်ခံလိုက်ပြီး ...

"သူ့ကို နင်လည်း မြင်ဖူးတယ် မဟုတ်လား"

"အေး ..." ကျန်နှစ်ယောက်က ထားထားဝေစကား ကို မယုံသလို ကြည့်ကြ၏။ မေရီအောင်က ...

"တကယ် ...တကယ် မြင်တာလား"

ထားထားဝေက သူတို့အားလုံးကို အိမ်ရှေ့ရှိ ပန်းခြံ ထဲကို ခေါ်ဆောင် လာခဲ့သည်။ ထိုနေရာတွင် ညနေစားပွဲ ကျင်းပရန် စားပွဲကုလားထိုင်တွင် ခင်းကျင်းထားသည်။အိမ် ထဲမှာထက် ဒီနေရာကပို၍ ကျယ်ဝန်းလွတ်လပ်သည်။ ထိုနေ ရာတွင် စုဝေး ထိုင်မိတော့ ထားထားဝေကို ကျန်လူတွေက ရုပ်ဆိုးအကြောင်း ဝိုင်းမေးကြသည်။

"တို့ ဒီမြို့က ထွက်သွားပြီးတော့ အဆက်ဖြတ်သွား တယ်။ သူ ဘာဖြစ်သွားတာလဲ"

တကယ်တော့ အညတြ ဆွံ့အနေသည့် အရုပ်ဆိုးဆိုး ကလေးတစ်ယောက်မှာ သူတို့ဘဝမှာ အရေးပါလှသော သူ မ ဟုတ်ချေ။ သို့သော် ဒီနေရာရောက်လာသောအခါ၊ အားလုံးက

ပင် ရုပ်ဆိုးကို သတိရနေကြ၏။ဤအကြောင်းတွေကို ဒီမြို့တွင် အဆက်မပြတ် နေထိုင်ခဲ့သော ထားထားဝေကသာ ပြောပြနိုင်လေသည်။

"သူက တော်တော်အသက်ရှည်တယ်။ ဒါပေမဲ့ အသက်ရှည်နေတယ်ဆိုတာ သူ့အတွက်ကတော့ ဝဋ်ကြွေးရှည်နေတာနဲ့ အတူတူပါပဲ။ နင်တို့ဘဲ စဉ်းစားကြည့်လေ။ ရုပ်ရည်က လူမမြင်ဝံ့အောင် ဆိုးဝါးနေတဲ့အပြင် ဆွံ့အလည်းနေသေးတယ်။ သူ့ကို လူမြင်မှာစိုးလို့ မြေတိုက်ခန်းထဲက မထွက်ဘဲနေခဲ့ရတယ်။ တစ်သက်တာ အကျဉ်းချခံနေရတာထက် ဘာထူးသေးလဲ။"

"အေးလေ၊ ငါသာသူ့နေရာမှာဆိုရင် အသက်ဆက်ရှင်နေဖို့ စဉ်းစားတော့မှာမဟုတ်ဘူး"

"လူတိုင်းမှာ ဘဝတဏှာဆိုတာ ရှိကြတယ်ကွ"

သူတို့ စားပွဲခုံဆီကို နေဒက်ဆုံးရောက်လာသော သော်သော်က ပြောလိုက်ခြင်း ဖြစ်သည်။

"အမှိုက်ပုံကို အမှီပြုနေရတဲ့ ခွေးဝဲစားတစ်ကောင်က တောင်၊ သူ့ဘဝကို သူ တွယ်တာရမှန်းသိတယ်။ လူဆိုတာက တိရစ္ဆာန်ထက် ဘဝတဏှာ ပိုကြီးတဲ့သူဘဲ"

ထားထားဝေက ...

"ဒါကြောင့် သည်းခံပြီး သူ ဒီအရွယ်အထိ အသက်ရှင်နေခဲ့ပုံရတယ်။ဒါပေမဲ့ နောက်ဆုံးတော့ ကြေကွဲစက်ဆုတ်စရာကောင်းတဲ့ သူ့ဘဝကို စွန့်လွှတ်ဖို့ သူဆုံးဖြတ်ချက် ချခဲ့နိုင်တယ်နဲ့ တူပါတယ်။

× × ×

လွန်ခဲ့သော (၃) နှစ် ။

မိုးနှောင်းနေ့တစ်နေ့ ဖြစ်သည်။

ဤနေရာတစ်ဝိုက်တွင် လေရောမိုးပါ အပြင်းအထန် တိုက်ခတ်နေသည်။ ဒေါ်ခင်ခင်ကြီးသည် မြေတိုက်ခန်းထဲဝင်ကာ သားဖြစ်သူကို ထမင်းကျွေးခဲ့သည်။ နောက်တော့ တံခါးကိုပိတ်ဖို့ မေ့လျော့ကာ အိမ်ပေါ်ပြန်တက်ခဲ့၏။သတိရ၍သွားကြည့်သောအခါ မြေတိုက်ခန်း တံခါးက ပွင့်နေလေသည်။ အိမ်နောက်ဖေး တောအုပ်ထဲ၌ ဝင်သွားသည့် ၊ ရုပ်ဆိုးကို နောက်ကျောက လှမ်းမြင်လိုက်ရ၏။ဒေါ်ခင်ခင်ကြီးသည် မိုးထဲလေထဲမှာပင် သားနောက်ကို ပြေးလိုက်လာခဲ့၏။

"သား ...သား ...သားရေ ... ပြန်လာခဲ့ပါသားရယ်"

တကြော်ကြော် ခေါ်နေသော်လည်း လှည့်မကြည့် ။ ဒေါ်ခင်ခင်ကြီးက ကောင်းစွာပင်သဘောပေါက်သာသည်။သူသည် ရောဝတီချောက်ကမ်းပါးရှိရာ ဦးတည်သွားနေခြင်းဖြစ်

သည်။ ထိုချောက်ကမ်းပါးကား ပေ(၃၀)ခန့်မြင့်၏။ ချောက်၏ အောက်ခြေတွင် မိုးတွင်းဖြစ်သဖြင့် လှိုင်းတံပိုးထကာ ပြင်းထန်စွာ စီးဆင်းနေကာ ဧရာဝတီမြစ်ရေပြင် ရှိနေသည်။ သူက ဤချောက်ကမ်းပါးမှ မြစ်ထဲသို့ ခုန်ချခဲ့သော် ...

သားဇောနှင့် ဒေါ်ခင်ခင်ကြီးသည် မှီအောင် ပြေးလိုက်၏။ မိုးထဲလေထဲတွင် သားကိုမှီသည်။ သို့သော် ပြန်ဆွဲခေါ်၍မရ။ အတင်းပင် ရုန်းကန်နေ၏။ သားအမိနှစ်ယောက်လုံး၏ ကိုယ်ခန္ဓာမှာ မိုးရေတို့ဖြင့် ရွှဲရွှဲစို၍ နေလေပြီ။ထိုအခိုက်မှာပင်သူတို့ရောက်ရှိနေသော နေရာအနီးရှိ သစ်ပင်ကြီးကို မိုးကြိုးပစ်ချလိုက်ရာ ...

"မိုးကြိုးအပစ်ခံရလို့ ကျိုးကျလာတဲ့ သစ်ကိုင်းကြီးက သူတို့နှစ်ယောက်အပေါ် ပိကျသွားတယ်။ အဲဒီသစ်ကိုင်းကြီးပိတဲ့ ဒဏ်နဲ့ ရုပ်ဆိုးကတော့ နေရာမှာဘဲ ကွယ်လွန်သွားတယ်။ဒေါ်ခင်ခင်ကြီးကတော့ အခုလို ကိုယ်တစ်ပိုင်းသေတဲ့ဘဝ ရောက်သွားတာပဲ"

ထားထားဝေက သူ့စကားကို အဆုံးသတ်လိုက်သည်။ ကျန်လူတွေက စိတ်ဝင်တစား နားထောင်နေ၏။မေရီအောင်က

"ရုပ်ဆိုးက ဒီလိုနည်းနဲ့ သေဆုံးသွားတာကိုး"

ဟု မှတ်ချက်ချ၏။ ဘေးမှ သော်သော်က အေးတိအေး စက်လေသံဖြင့် ...

"အဲဒီစကားကို ဆရာမရှေ့မှာတော့ ယောင်လို့တောင် မပြောမိစေနဲ့"

ဟု ဟန့်တားလိုက်၏။ ကျော်ကျော်ထိုက်က ...

"ဘာဖြစ်လို့လဲ ..." ဟု မေး၏။ထိုမေးခွန်းကို ထားထားဝေက ဖြေ၏။

"ဆရာမက သူ့သား သေဆုံးသွားတယ်ဆိုတာ ခုချိန်အထိ လက်ခံမှု မရှိသေးဘူး။ သူ့သားကို အသက်ရှင်နေတုန်းပဲလို့ ယုံကြည်နေတုန်းပဲ။ ဒီအိမ်မှာ သူ့သားနေတယ်။ သူ့သားကို သူ မကြာမကြာ တွေ့ရတယ်။ တစ်ခါတစ်လေ သူတို့ချင်း စကား ပြောနေကြတယ်လို့ ပြောနေတတ်တယ်"

"အစွဲအလမ်းတွေပေါ့" ဟု မြင့်ဝင်းမောင်က မှတ်ချက်ချ၏။

"သူ သိပ်ချစ်တဲ့သားကို ဆုံးရှုံးမခံနိုင်တော့ သေတယ်ဆိုတာကိုလဲလက်မခံနိုင်ဘူး။အသက်ရှင်နေဆဲ ဆိုပြီးကိုယ့်စိတ်ကို လိမ်ညာ ထားတာပေါ့" ထားထားဝေကတော့ တည်ငြိမ်စွာ ...

"ရုပ်ဆိုး အသက်ရှင်နေသေးတယ်ဆိုတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ရုပ်ဆိုး ဒီအိမ်မှာနေတယ် ဆိုတာကတော့ အမှန်ပဲ။ ငါကိုယ်တိုင် သူ့ကို အရိပ်အယောင်အဖြစ်နဲ့ မကြာခန တွေ့နေရတာ သာဓကပဲ"

"တော်တော့ နင် သူတို့ကို ခြောက်မနေနဲ့ ထားထားဝေ" ဟု သော်သော်က ကြားဖြတ်ကာ ဟန့်တားလိုက်လေသည်။

✸ နောက်ဆုံး ဆက်ဆုတ်စရာမရှိတော့ဘဲ ကျောနှင့်နံရံထိ ကပ်သွားလေသည်။မေရီအောင်က အိမ်ရှိတခြားလူများ ကို အကူအညီ တောင်းဖို့ အော်ဟစ်လိုက်သော်လည်း၊ သူ့အသံတွေက လည်ချောင်းထဲတွင်ပင် ပျောက်ကွယ် သွားလေ၏။

(၄) အတိတ်မှ အာဃာတ

(၄) အတိတ်မှ အာဃာတ

ထားထားဝေ ပြောစကားကို အခုတော့ မေရီအောင် လက်ခံရမလိုဖြစ်နေသည်။သူ့အခန်းထဲမှာတစ်စုံတစ်ယောက် ရောက်နေတာ သေချာပြီ။ ခြေသံတရပ်ရပ် ကြားရ၏။လှည့် ကြည့်လိုက်တော့ ဘာမှမရှိ။ ကြာတော့ သူ ခြောက်ခြားလာ သည်။ အခန်းက ရှင်းလင်းနေ၏။လူတစ်ယောက်ပုန်းအောင်း နေနိုင်မည့်နေရာဆို၍အခန်းထောင့်ကကျွန်းသားဗီဒိုအဟောင်း ကြီးဆီတစ်လှမ်းချင်း လျှောက်သွားကာ ဗီဒိုတံခါးကို ခပ်မြန်

မြန်ဆွဲဖွင့်လိုက်၏။

တံခါးနှစ်ချပ်က လျှင်မြန်စွာ ပွင့်၍သွားသည်။ ဗီဒိုမှာ အသုံးမပြုဘဲ ထားသည့် ဗီဒိုအဟောင်းကြီးဖြစ်ကာ အထဲတွင် မှောင်နေ၏။ သို့သော် ငုတ်တုတ်ထိုင်နေသည့် ရုပ်ဆိုးကိုတော့ အထင်းသား မြင်နိုင်ပါသေးသည်။ ရုပ်ဆိုး၏မျက်နှာတွင် အဖြူရောင်ယုန်ခေါင်း မျက်နှာဖုံးလေးတစ်ခုကို တပ်ဆင်ထား၏။ ရုပ်ဆိုးသည် လူစိမ်းတွေနှင့် တွေ့ဆုံရတိုင်း၊ထိုကဲ့သို့ မျက်နှာတွင် ယုန်မျက်နှာဖုံးကို တပ်ဆင်ထားလေ့ ရှိသည်။

"နင် ဘာလာလုပ်နေတာလဲ ယုန်လေး ။ အခု ငါ့အခန်းထဲက ထွက်သွားစမ်း" ဟု မေရီအောင်က အော်ဟစ်လိုက်၏။

ယုန်ကလေးက ထရပ်လိုက်သည်။ ယုန်ကလေးသည် ၈နှစ်၊၉နှစ်အရွယ် ကလေးတစ်ယောက်သာဖြစ်သော်လည်း၊ ထရပ်လိုက်သောအခါ လူကြီးတစ်ယောက်ဖြစ်သည့် မေရီအောင်နှင့် အရပ်အမောင်းမှာ တစ်ရွယ်တည်းဖြစ်၍ နေလေသည်။ သူ

က ဗီဒိုထဲမှ အပြင်သို့ လှမ်းထွက်လိုက်၏။ မေရီအောင်ကတော့ ယုန်ကလေးနှင့် မနီးအောင် နောက်ကိုတစ်ဆုတ်တည်းဆုတ်၍ နေရသည်။ နောက်ဆုံး ဆက်ဆုတ်စရာ မရှိတော့ဘဲ ကျောနှင့် နံရံ ထိကပ်၍သွားသည်။ မေရီအောင်က အိမ်ရှိ တခြားလူများကို အကူအညီတောင်းဖို့ အော်ခေါ်လိုက်သော်လည်း သူ့အသံတွေက လည်ချောင်းထဲတွင်ပင် ပျောက်ကွယ်သွား၏။ အပြင်သို့ ထွက်မလာ ။

ထိုအချိန်မှာပင် သူ့ရှေ့မှာရပ်နေသော ယုန်လေးက သူ့ မျက်နှာမှ မျက်နှာဖုံးကို ဆွဲချွတ်လိုက်လေရာ ...

ထိတ်လန့်ခြောက်ခြားဖွယ်ကောင်းလှသော မျက်နှာကြီး ကို အနီးကပ်မြင်လိုက်ရသဖြင့် မေရီအောင်သည် အသံကုန်ဟစ် အော်လိုက်၏။

ရုတ်တရက်အိပ်ရာမှ မေရီအောင်လန့်နိုးလာသည်။ သူ သည် ထမင်းစားအပြီး အခန်းထဲဝင်ကာ နေ့လည် တရေးတမော

အိပ်လိုက်ရာမှ ဤဆိုးဝါးသော အိပ်မက်ကို မြင်မက်ရခြင်း ဖြစ်၏။ သူသည် အလုအပကို ဂရုစိုက်သူဖြစ်ရာ နေ့လည်နေ့ခင်းများ၌ အိပ်တတ်သူ မဟုတ်။ ယခုမူ ရန်ကုန်မှ ဤမြို့လေးရောက်အောင်၊ တစ်ကိုယ်တည်း ကားမောင်းလာခဲ့ရသဖြင့် ခရီးပန်းလာသောအရှိန်ဖြင့် အိပ်ပျော်သွားခြင်း ဖြစ်သည်။

သူအခန်းထဲက ထွက်လာကာ ရေချိုးခန်းထဲဝင်ပြီး မျက်နှာသစ်လိုက်တော့ လူက အတော်ပင် လန်းဆန်းသွား၏။ ဧည့်ခန်းထဲတွင် စာထိုင်ဖတ်နေပုံသော မြင့်ဝင်းအောင်ကလွဲ၍ တခြားသူတွေကို မတွေ့ရ။ အနားယူနေကြပုံရ၏။ ဆရာမကတော့ အိမ်ရှေ့ဝရံတာတွင် ဘီးတပ်ကုလားထိုင်ပေါ်၌ တစ်ကိုယ်တည်း ထိုင်ရင်း အဝေးကို ငေးမျှော်နေတာ တွေ့ရ၏။ သူက နေကာမျက်မှန်ကိုတပ်ကာ ဆရာမထိုင်နေရာ လျှောက်သွားပြီး ...

"ဆရာမ ပျင်းနေလား"

"မပျင်းပါဘူးကွယ်။ ငေးမိငေးရာ ငေးနေတာပါ"

"ဆရာမ အပြင်ထွက်ချင်လား။ လှည်းကို မေရီတွန်းပေး မယ်လေ"

"ကောင်းသားပဲ ရာသီဥတုကလည်း သာယာနေတယ်"

ဟုတ်သည်။ မိုးသားတွေ အုံ့ပျနေကာ ကောင်းကင်က မီးခိုးရောင် လွှင်နေ၏။ နေရောင်ခြည်ကို မမြင်ရ။ ဝရံတာပေါ်မှ ဘီးတပ်ကုလားထိုင်ကို မေရီအောင်က တွန်းကာ လာခဲ့သည်။ ထိုနေရာတွင် သစ်ပင်အုပ်ကလေး တစ်ခုရှိသည်။ ထိုသစ်ပင်အုပ် ထဲတွင် မြစ်ကမ်းပါးဆီသို့ ဦးတည်သွားသော အပြန်လမ်းက လေးရှိသည်။မြေနီလမ်းကလေးမှာရွက်ကြွေတို့ဖြင့် ပိတ်ဖုံးနေ၏။ ထိုလမ်းကလေးအတိုင်း စကားတပြောပြောနှင့် မေရီအောင်က တွန်းလာခဲ့၏။ မေရီအောင်က ...

"လူ့ဘဝဆိုတာ ဘာနဲ့တူသလဲ ဆရာမ"

"ငါ့အဖို့တော့ အိပ်မက်နဲ့တူတယ် မေရီ"

"ဟုတ်တယ် ဆရာမ။ဒါပေမဲ့ အဲဒီအိပ်မက်ကို အကောင်

အထည်ဖော်ခွင့် မရတာဟာ ဘဝမှာ တပန်းရှုံးတယ်လို့ မဆိုနိုင်ဘူးလား"

"မေရီပြောတာ ဆရာမ ကောင်းကောင်းနားမလည်ဘူး"

ဒေါ်ခင်ခင်ကြီးစကားကို ကြားတော့ မေရီအောင်က ခပ်ယဲ့ယဲ့ ပြုံးလိုက်၏။ သူ့အပြုံးကို ကျောပေးထားသော ဒေါ်ခင်ခင်ကြီးက မမြင်ရ။

"ကျွန်မ ငယ်ငယ်ကတည်းက မက်ခဲ့တဲ့ အိပ်မက်တစ်ခု ရှိခဲ့တယ်။ အဲဒါက အောင်မြင်ကျော်ကြားတဲ့ မော်ဒယ်ဂဲလ်တစ်ယောက်၊ အဲဒီကမှတစ်ဆင့် သရုပ်ဆောင် မင်းသမီးတစ်ယောက်ဖြစ်ဖို့ပဲ"

ဒီတစ်ခါ ပြုံးမိတာက ဒေါ်ခင်ခင်ကြီး ဖြစ်သည်။ ငယ်ငယ်ကတည်းက မေရီအောင်က အရွယ်နှင့် မလိုက်အောင် အလှပြင်၏။ မင်းသမီးရှူးအောင် အိုက်တင်ထုတ်၏။ ဒါကြောင့် အားလုံးက "မင်းသမီး" ဟုနာမည်ပြောင်ဖြင့် ခေါ်ဝေါ်ခဲ့ကြလေသည်။

မိန်းကလေးတွေ ဒီလို မျှော်မှန်းချက်ထားတာကို ဒေါ်ခင်ခင်ကြီး က အပြစ်မဆို ။ ခေတ်၏ အပြောင်းအလဲ၊ ခေတ်၏ တောင့်တ ချက်သာ ဖြစ်သည်။မိန်းကလေးအတော်တော်များများက ထိုဘဝ ကို တန်ဖိုးထားကြ၏ ။

"ငါ မှတ်မိတယ်။ မင်းက အဲဒီဘက်မှာ စိတ်ရောက်လွန်း အားကြီးတော့ ကျောင်းစာဘက်မှာ အားနည်းခဲ့တယ်။ အဲဒါကို တော့ ငါသဘောမကျဘူး။"

တကယ်တော့ သဘောမကျရုံမက၊ဆရာမက ပြင်းပြင်း ထန်ထန် အပြစ်ပေးတင်သည်။ သူ ကျောင်းစာမရတာကို အ တန်းထဲတွင် စာတော်သော ထားထားဝေ နှင့် အမြဲပင် နှိုင်းယှဉ် ပြောကာ၊ မေရီအောင်ကို နှိမ်တတ်၏ ။ တစ်ကြိမ်တွင်မူ စာမရ တာကို အပြစ်ပေးသည့်အနေဖြင့် မြစ်ထဲကရေကို ခပ်ခိုင်း၏။ နွေဖြစ်သဖြင့် ချောက်ကမ်းပါးက မြင့်လှသည်။ ရေသယ်ကာ ပြန်လာသော မေရီအောင်သည် ချောက်ကမ်းပါးပေါ်က လိမ့်

ကျသော ချက်လုံးတစ်ဖက်ကို ကျောက်စွန်းနှင့်ထိခိုက်မိပြီး ဒဏ်ရာ ရသွားလေသည်။ ထိုဒဏ်ရာအမာရွတ်ကြီးမှာ သေရာပါဖြစ်ကာ သူ့မျက်နှာကို အကျဉ်းတန်ပါစေတော့သည်။

"ဒီမျက်လုံးက ဒဏ်ရာကြီးကြောင့် မော်ဒယ်ဂဲလ်ဖြစ်ရမယ် ဆိုတဲ့ ကျွန်မရဲ့ ရည်မှန်းချက်တွေ အားလုံးဟာ သဲထဲရေသွန်ဖြစ်ခဲ့ရတယ် ဆရာမ"

မေရီအောင်အသံက အနည်းငယ် မာကျောကာ ဒေါသသံပါလာ၏။ ဒေါ်ခင်ခင်ကြီးက တိုးဖျော့သောလေသံဖြင့် တောင်းပန်စကားဆို၏။

"ဆရာမတောင်းပန်ပါတယ် မေရီရယ်။တကယ်တော့ မင်းကို ကျောင်းနေတုန်း ပညာထူးချွန်စေချင်တဲ့ စိတ်တစ်ခုတည်းနဲ့ ဒီလိုဆောင်ရွက်ခဲ့တာပါ။ မင်းထိခိုက်စေဖို့ ရည်ရွယ်ခဲ့တာ မဟုတ်ပါဘူး"

"ဆရာမ မှားတယ်။ ဒါပေမဲ့ အဲဒီအမှားက ပြန်ပြင်

လို့ရတဲ့ အမှား မဟုတ်ဘူး ဆရာမ"

"စကားတပြောပြော နှင့် မေရီအောင်က လှည်းကို တွန်းလာခြင်း ဖြစ်သည်။ဒေါ်ခင်ခင်ကြီးကြည့်လိုက်တော့ရှေ့တွင်မြေနီလမ်းကလေးက ဆုံးလုနေလေပြီ။မြေနီလမ်းကလေး၏ အဆုံးမှာတော့ နက်ရှိုင်းလှသော ချောက်ကမ်းပါး။

"မေရီ ... မေရီ"

ဒေါ်ခင်ခင်ကြီးက သတိပေးစကားပြော၏။ သို့သော် ဒီသတိပေးစကားကို မေရီအောင်က ဂရုပြုဟန်မတူ။ လှည်းကို ဆက်တွန်းမြဲတွန်းလာလေရာ ... ချောက်ထဲကျလု အခြေအနေ ရောက်ရှိလာလေသည်။

ဒီတစ်ခါတော့ ဒေါ်ခင်ခင်ကြီးက လက်ကိုင်ပွင် ရှိနေသော ဘရိတ်တံကို မိမိဖာသာ ဆွဲလိုက်ရ၏။ လှည်းက ရပ်သွားသည်။ သို့သော် ရှေ့တွင် ချောက်ကမ်းပါး၏ နှုတ်ခမ်းစွန်းနှင့် ဘစ်ထွာခန့်မျှသာ လိုတော့၏။ ယခုထက်တိုင်အောင် စိတ်မချ

ရသေး။နောက်က မေရီအောင်ကသာ စိတ်ပေါက်ပေါက်နှင့်တွန်းချလိုက်လျှင် လှရောလှည်းပါ ချောက်ထဲသို့အလွယ်တကူရောက်ရှိသွားနိုင်လေသည်။ ဒေါ်ခင်ခင်ကြီးက ရင်တဖိုဖို ထိတ်လန့်တုန်လှုပ်နေမိ၏။ သူ့ကို ဒီနေရာရောက်အောင် ကလဲ့စားချေချင်စိတ်နှင့် မေရီအောင်သည် လှည့်ဖျား ခေါ်လာခဲ့ဟန်တူသည်။

မေရီအောင်က ဒေါ်ခင်ခင်ကြီး ရှေ့တွင် ဒူးထောက်ထိုင်ထား၊ သူ့မျက်နှာမှ နေကာမျက်မှန်ကို ဆွဲချွတ်ရင်း ...

"ကဲ ကြည့်စမ်းပါ ဆရာမ။ ကျွန်မ မျက်နှာက ဒဏ်ရာအယ်လောက် အကျဉ်းတန်တယ်ဆိုတာ"

ဒေါ်ခင်ခင်ကြီးကတော့ လုံးဝမကြည့်ပဲ မျက်နှာကို တစ်ဖက်သို့ အစွမ်းကုန်လွှဲ၍ ထားသည်။ မေရီအောင်က ...

"ကြည့်လေ ဆရာမ ကြည့်ပါ။ ဒီမျက်နှာလေးကို ကြည့်ဖို့တောင် ဆရာမ သတ္တိမရှိဘဲ ဖြစ်နေတာလား"

ဟုပြောနေဆဲ။ မလှမ်းမကမ်း တစ်နေရာတွင် ကျော်

ကျော်ထိုက်ပေါ်လာကာ ...

"မေရီအောင် ဘာဖြစ်နေတာလဲ ..."

ဟု လှမ်းမေးလိုက်၏။ ထိုအသံကြားသည်နှင့် မေရီအောင်က နေကာမျက်မှန်ကို သူမမျက်နှာတွင် အမြန် ပြန်လည်တပ်လိုက်ကာ၊ ထရပ်ရင်း ...

"ဘာမှမဖြစ်ပါဘူး ကျော်ကျော်။ ငါနဲ့ ဆရာမ စကားပြောနေတာပါ"

"ဟုတ်လား ဆရာမ" ကျော်ကျော်ထိုက်က မေးလိုက်၏။

ဆရာမက တုန်တုန်ယင်ယင်နှင့် ခေါင်းညိတ်ပြကာ ...

"ဟုတ်ပါတယ် ကျော်ကျော် ..."

ကျော်ကျော်ထိုက်က အနားရောက်လာပြီး ...

"ဘာလို့ ဒီလောက်ထိ ချောက်နားရောက်အောင် တွန်းလာရတာလဲ။ အန္တရာယ်ရှိတာ မသိဘူးလား မေရီ"

ဟု ကြိမ်းမောင်းကာ၊ ဘီးတပ်ကုလားထိုင်ကို သူကိုယ်

တိုင်တွန်းပြီး၊ ဆရာမကို အိမ်ဘက် ပြန်လည် ခေါ်ဆောင်သွားလေတော့သည်။

× × ×

ကျော်ကျော်ထိုက်က ဒေါ်ခင်ခင်ကြီးကို သူ့အခန်းထဲ ရောက်အောင် ပြန်ပို့ပေးခဲ့၏။ ဒေါ်ခင်ခင်ကြီးက ...

"ကျေးဇူးတင်ပါတယ် ကျော်ကျော်ရယ်။မင်းက တကယ့်လူကောင်းကလေးပါပဲ ..."

ဒီစကားကိုကြားတော့ ကျော်ကျော်ထိုက်က ဟားတိုက်ရယ်လိုက်၏။ သူ ... ရယ်ပုံက ရူးသွပ်နေသောလူတစ်ယောက်၏ ရယ်သောပုံမျိုး။ ဆရာမက ကျော်ကျော်ထိုက်ကို နားမလည်နိုင်သော မျက်လုံးများဖြင့် ငေးကြည့်နေ၏။တကယ်တော့ သူ့စကားထဲမှာ ဘာရယ်စရာမှမပါ။ ကျော်ကျော်ထိုက်က ထပ်တလဲလဲ ရယ်ကာ ...

"ဘာပြောတယ် ဆရာမ ။ ကျွန်တော်က တကယ့်လူ

ကောင်းလေး ဟုတ်လား ...”

ပြီးမှ ရယ်သံကိုရပ်လိုက်ကာ မျက်နှာထားတည်တည် ဖြင့် ...

“ငယ်ငယ်တုန်းကတော့ ဆရာမ ဒီလို မယူဆခဲ့ဘူး မဟုတ်လား ။ ကျွန်တော့်ကို အမြဲပဲ လူဆိုးလေးတစ်ဦးလို သတ်မှတ်ခဲ့တယ်လေ”

ဒေါ်ခင်ခင်ကြီးက လွန်ခဲ့သော အနှစ် (၂၀) လောက်က ကိစ္စတွေကို ကောင်းကောင်းမမှတ်မိတော့။ ကျော်ကျော်ထိုက်ကို သူ ဒီလိုယူဆခဲ့လေသလား။ တစ်ခုတော့ရှိသည်။ ငယ်ငယ်က ကျော်ကျော်ထိုက်က ကျောင်းမှာ မကြာခဏရန်ဖြစ်တတ်သူ။ ဒီတော့ သူ ဆုံးမစကားပြောခဲ့ရတာတော့ ရှိ၏။ ဒါကိုပင် ကျော်ကျော်ထိုက်က စိတ်ထဲတွင်အညှိုးအတေးထားလေသလား။

“ဘယ်သူ မကောင်းတာလုပ်လုပ်။ဆရာမက ကျွန်တော် လုပ်တယ်ပဲ ထင်တယ်။ ကျွန်တော်ကောင်းတာလုပ်ရင်လည်း အကောင်းမထင်ဘူး”

တစ်ခါက မြင့်ဝင်းမောင်တို့လူစုက ဆရာမအားလပ်ချိန် ပေးထားစဉ် မြေတိုက်ခန်းမှန်ပြတင်းပေါက်ကို စုဝေးရောက်ရှိ သွားကြသည်။ မြေကြီးပေါ်၌ သူတို့ထိုင်လိုက်လျှင် တစ်တောင် ခန့်ရှိသော မြေအောက်ခန်းမှန်ပြတင်းပေါက်နှင့် တပြေးတည်း ဖြစ်၍သွားသည်။ ထိုမှန်ပြတင်းပေါက်က ဆုံလည်ဖြစ်ရာ၊ တွန်း ဖွင့်လိုက်လျှင် မြေတိုက်ခန်းကို ကောင်းစွာမြင်ရလေသည်။

စားပွဲခုံတစ်လုံးတွင် ကုလားထိုင်နှင့် ငြိမ်သက်စွာ ထိုင် နေသော ကောင်လေးတစ်ယောက်ကို တွေ့ရသည်။ ထိုကောင် လေးမှာ သူတို့နှင့်ရွယ်တူပင်ဖြစ်ကာ ၊ မျက်နှာတွင် ယုန်ခေါင်းပုံ မျက်နှာဖုံးလေး စွပ်ထားလေသည်။ မြင့်ဝင်းမောင်က ...

"ဟော့ ... ဟော့ ယုန်လေး၊ မုန့် ... မုန့် လာယူလေ"

ဟု သူ့လက်ဖြင့်ကိုင်ထားသော မုန့်ထုပ်ကလေးကို လှုပ် ရမ်းပြရင်း ခေါ်လိုက်၏။ ကလေးပီပီ ယုန်လေးခေါ်ရပ်ဆိုးသည် မုန့်စားရတာကို ခုံမင်နှစ်သက်သူ ဖြစ်၏။ ထို့ကြောင့် မုန့်ထုပ်ကို

မြင်သောအခါ ယုန်လေးသည် ထိုင်နေရာမှ ကုလားထိုင်ကို မ,ယူလာကာ၊ မုန့်မလွယ်ပေါက်နား ရောက်လာလေသည်။ မ,လာသော ကုလားထိုင်ကို ကြမ်းပြင်ပေါ်ချကာ၊ ကုလားထိုင်ပေါ်တပ်ရပ်လိုက်သောအခါမုန့်ထုပ်ရှိရာကို လက်လှမ်းမီ၍သွားလေသည်။

မြင့်ဝင်းမောင်တို့မှာ ရယ်ရွှယ်ချက်ဖြင့် ရောက်လာခြင်းဖြစ်သည်။ သူတို့သည် ယုန်လေး၏ မျက်နှာဖုံးနောက်ကွယ်မှ မျက်နှာကို မြင်ချင်နေကြသည်။ ထို့ကြောင့် မြင့်ဝင်းမောင်သည် သူ့လက်ထဲမှ မုန့်ထုပ်ကို ယုန်ကလေးက လှမ်းယူစဉ် သူကလည်း ယုန်ကလေး၏မျက်နှာမှ မျက်နှာဖုံးကို ဆွဲယူလိုက်လေသည်။ ယုန်လေး၏မျက်နှာဖုံးမှာ သူ့လက်ထဲပါလာသောအခါအရုပ်ဆိုးလှသည့် မျက်နှာဖုံးနောက်ကွယ်မှ မျက်နှာပေါ်လာလေသည်။ ကြောက်စရာကောင်းလှသော ထိုမျက်နှာကို မြင်သည်နှင့်၊ကလေးများသည် အလန့်တကြားအော်ဟစ်ကာ ထိုနေရာမှထွက်

ပြေးကြလေတော့သည်။ ယုန်မျက်နှာဖုံးကလေးမှာ ဆွဲယူလာသော မြင့်ဝင်းမောင်၏ လက်ထဲတွင် ပါလာလေသည်။ မြင့်ဝင်းမောင်သည် ထွက်ပြေးလာရင်း သူ့လက်ထဲမှ မျက်နှာဖုံးကို ခြံထဲတွင်ပင် လွှင့်ပစ်ထားခဲ့လေသည်။

ထိုအချိန်မှာပင် ပန်းခြံထဲက သစ်ပင်အောက်တွင် ကျော်ကျော်ထိုက်သည် တစ်ကိုယ်တည်း ထိုင်၍နေသည်။မြင့်ဝင်းမောင်တို့ ပြုလုပ်သမျှ သူကောင်းကောင်းမြင်နေရသည်။ သူတို့ကို ဆရာမက ထိုအခန်းနား မသွားရန် တင်းတင်းကြပ်ကြပ် တားမြစ်ထား၏ ။ ကလေးတွေက သူ့သား ရုပ်ဆိုးကို လှောင်ပြောင်ကြမှာ စိုးရွံ့သောကြောင့် ဖြစ်သည် ။ မြင့်ဝင်းမောင်တို့ အပြုအမူကိုသာ ဆရာမကတွေ့လျှင် ခွင့်လွှတ်လိမ့်မည်မထင်။

ကျော်ကျော်ထိုက်က ထိုင်ရာမှ ထကာ မြေပြင်တွင် ကျနေသော မျက်နှာဖုံးကလေးကို ကောက်ယူလိုက်ပြီး၊ ခုန်ပြ

တင်းမလွှယ်ပေါက်နား လျှောက်သွားလိုက်သည်။ပြီးတော့ ...

"ယုန်လေး ယုန်လေး ..."ဟု ခေါ်လိုက်၏။ ယုန်လေးက လှည့်ကြည့်လိုက်သောအခါ ယုန်လေး၏ မျက်နှာဖုံးကလေးကို လှမ်းပေးလိုက်၏။ ဤမျက်နှာဖုံးကလေးမှာ ယုန်ကလေး ကိုယ်တိုင်လုပ်ထားသော မျက်နှာဖုံးလေးဖြစ်သဖြင့် ယုန်ကလေးက တန်ဖိုးထားမှန်း သူသိနေသည်။ ဒါကြောင့် သူက စေတနာဖြင့် ပြန်ကောက်ပေးခြင်း ဖြစ်၏။ သို့သော် ...

"ကျော်ကျော် ဒါ ... ဘာလုပ်နေတာလဲ"

သူ့နောက်က မိုးခြိမ်းသံလို အသံတစ်သံ ထွက်ပေါ်လာ၏။ ဆရာမ ရောက်လာခြင်းပင် ဖြစ်သည်။ဆရာမက သူ့ကိုမျက်ထောင့်နီကြီးနှင့် ကြည့်နေသည်။ ဆရာမမျက်နှာမှာ ပြိုတော့မည့် မိုးကဲ့သို့ ကြောက်စရာကောင်းနေသည်။

"နင်တို့ကို ငါဘာမှာထားသလဲ။ ဒီအခန်းနားကို မလာရဘူးလို့ မှာထားတယ် မဟုတ်လား ကဲ ... ကဲ"

ဟု ပြောပြောဆိုဆို လက်ထဲက ကြိမ်လုံးနှင့် လွှဲကာလွှဲကာ၊ ကျော်ကျော်ထိုက်ကို ရိုက်တော့သည်။

ကျော်ကျော်ထိုက်စကားကို နားထောင်ရင်း ဒေါ်ခင်ခင်ကြီး၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်စတွေ စုဝေး ရောက်ရှိလာသည်။

"မင်း အဲဒီတုန်းက ဘာလို့ ငါ့ကို အမှန်အတိုင်း မပြောခဲ့တာလဲ"

"ကျွန်တော်ရှင်းပြဖို့ ဆရာမက အခွင့်အရေးမှ မပေးခဲ့တာဘဲ ဆရာမ"

✸ ရုပ်ဆိုးသည် လွန်ခဲ့သော သုံးနှစ်ခန့်က ကွယ်လွန်ခဲ့ပြီဟု ထားထားဝေက ပြောခဲ့သည်။ ယခုဘာကြောင့် သေဆုံးနေသော သူက သူ့ရှေ့ရောက်နေရသနည်း။

(၅) တမလွန်မှ အလည်လာသူ

## (၅) တမလွန်မှ အလည်လာသူ

ယနေ့ညနေမှာ ထူးထူးခြားခြား နေသာ၍နေသည်။ ဒါကြောင့်ပင် ... ပန်းခြံထဲ၌ စီစဉ်ထားသော ညစာစားပွဲကို ကောင်းကောင်းမွန်မွန် ကျင်းပနိုင်ခဲ့သည်။ အိမ်ရှေ့မြက်ခင်းပြင်ပေါ်တွင် စားပွဲခုံနှစ်လုံး ဆက်ခင်းထားကာ အပေါ်မှာ စားပွဲခင်းအဖြူကို လွှမ်းလိုက်သည့်အခါ စားပွဲခုံအရှည်တစ်လုံး အသွင်ပေါ်လာ၏။ ထိုစားပွဲကို ဝန်းရံကာ ကုလားထိုင်(၅)လုံးကို ခပ်ကြဲကြဲ နေရာချထားသည်။ ဆရာမက တစ်ဖက်စားပွဲထိပ်တွင်သူ့ဘီးတပ်ကုလား

ထိုင်ဖြင့်ဝင် ထိုင်၏။

စားပွဲပေါ်မှာ ထားထားဝေနှင့် မေရီအောင် မိန်းကလေး နှစ်ယောက်က စားသောက်စရာတွေကို လှလှပပ ပြင်ဆင်ထား သည်။ ဝထမဆုံး ထားထားဝေက သူ အထူးပြုလုပ်ထားသော ချောစ်ဖြူဖျော်ရည်ကို တိုက်၏။ ထိုအထဲတွင် စတင်ဖွဲ့ဖောက် လာသူက ကျော်ကျော်ထိုက်ဖြစ်၏။

"ဆရာမကို တစ်ခု ခွင့်တောင်းချင်ပါတယ်။ ကျွန်တော် က ညနေစာမစားခင် အရက်နည်းနည်း သောက်တတ်တယ်။ အဲဒါ ခွင့်ပြုစေလိုပါတယ်"

ဆရာမက အပြုံးဖြင့် ခွင့်ပြု၏။

"အေး မင်းတို့လည်း အရွယ်ရောက်နေကြပြီပဲ။ သောက် ချင်တဲ့သူကို ငါခွင့်ပြုတယ်။ယောကျ်ားကလေးတွေဆိုတော့ ဘယ် ထင်းပါ့မလဲ"

ကျော်ကျော်ထိုက်က သူ ယူဆောင်လာသော အရက်ပု

လင်းကို ထုတ်ကာ ...

"ကဲ ... ဘယ်သူ သောက်ချင်ကြသေးလဲ"

"ငါ သောက်မယ် ..."

မြင့်ဝင်းမောင်က ခပ်သွက်သွက်ပြောလိုက်၏။ နှုတ်ဆိတ်နေသော စားပွဲခုံတစ်ဖက်စွန်းမှ သော်သော်အား ...

"မင်းရော သောက်ဦးမလား"

မေးသော်လည်း သော်သော်က ခေါင်းခါကာ ငြင်းလိုက်သည်။ သူက ဤစားပွဲဝိုင်းတွင် ရောက်နေရတာ မလွှဲသာသဖြင့် ရောက်နေရသလိုရှိကာ၊ တခြားလူတွေနှင့် မရောပဲ သီးခြားကင်းကင်းလွတ်လွတ် ဖြစ်နေလေသည်။ ကျော်ကျော်ထိုက်က ...

"ဒါဆို ... ကျန်တဲ့သူတွေက စားချင်စားနိုင်ကြပါ။ ကျွန်တော်တို့ကတော့ သောက်ပြီးမှ စားကြမယ် ..."

ဟု ခွင့်ပြု၏။ မေရီအောင်က ...

"တို့တော့ ဆာနေပြီဟေ့။ စားမယ်"

ဟုပြောကာ စတင်စားသည်။ ယခုတော့ ညစာစားပွဲက ထားသည် ဝန်းကန်သံ၊ ဇွန်းခရင်းသံတို့ဖြင့် သက်ဝင်လှုပ်ရှားနေ နေသည်။ ဆရာမက တပည့်တွေစားသောက်နေကြသည်ကို ခေါင်းငြိမ့်ပြီး သဘောကျသလိုကြည့်ကာ၊ တို့ခနန်းဆိတ်ခနန်းသာ စားသောက်နေ၏။ စားသောက်ရင်း ...

"မင်းတို့ကို ကြုံတုန်းဆုံတုန်း ငါ စကားတစ်ခွန်းလောက် ပြောချင်ပါတယ်။ ငါ ... ဟာ မင်းတို့ကို ငယ်စဉ်က လိမ္မာစေချင် [illegible] ပညာတတ်စေချင်တဲ့စိတ်နဲ့ ဆုံးမရင်း၊ နှုတ်လွန်မိတာ၊ [illegible]လွန်မိတာ ရှိကောင်းရှိနိုင်ပါတယ်။ အဲဒီလိုဖြစ်ရင်လည်း ဒါဟာ မင်းတို့ကို မုန်းလို့ မဟုတ်ဘူး၊ ချစ်လို့ဆိုတဲ့ အတွေးနဲ့ငါ့ အပေါ်ခွင့်လွှတ်ကြစေချင်ပါတယ်။ ငါမမှားဘူးဆိုတဲ့တိုင်အောင် ငါ မင်းတို့ကို တောင်းပန်ပါတယ်။ ငါ့အပေါ် အညှိုးအတေးမ ထားကြပါနဲ့၊ အာဃာတ မထားကြပါနဲ့။"

ထားထားဝေမှာ ဆရာမစကားကို နားထောင်ရင်း ရင်

ထဲတွင် ဆို့နင့်သွားသည်။ ဆရာမက တကယ့်ကို လှိုက်လှိုက်လှဲလှဲ ကြေကြေကွဲကွဲ တောင်းပန်နေခြင်း ဖြစ်သည်။ စကားပြောနေခိုက်မှာပင် မျက်လုံးအိမ်၌ မျက်ရည်စတွေ တွဲခိုနေ၏။

ထိုအခိုက်မှာ ဂုန်းကနဲ မြင့်ဝင်းမောင်က ထိုင်ရာကထ,ရပ်လိုက်သည်။

"ဆရာမ ပြုသူအသစ်၊ ဖြစ်သူအဟောင်းတဲ့။ လုပ်လိုက်ရတဲ့သူက မေ့ပစ်ဖို့လွယ်ပေမဲ့ ခံလိုက်ရတဲ့သူက မေ့ပစ်ဖို့ မလွယ်ဘူး ..."

ပြီးတော့ လေသံခပ်မာမာဖြင့်ပြောလိုက်၏။ သူ့ ပုံစံက အရက်အနည်းငယ် မူးယစ်နေပုံ ပေါက်၏။ အရက်ကို သောက်လေ့သောက်ထရှိပုံမပေါ်။ မူးလာတော့ ရင်ထဲကခံစားချက်တွေ ပေါက်ကွဲထွက်လာပုံရ၏။

သူငယ်ငယ်က ကျောင်းက ပြေးခုန်ပစ်ပြိုင်ပွဲမှာ ဝင်ပြေး၏။ အပြေးလမ်းတွင် တခြားတစ်ယောက်နှင့် တိုက်မိကာ ချော်လဲ

၏။ ဒူးဆစ် လွဲသွားသည်။ ထိုဒဏ်ရာက အခုအချိန်အထိ သူ့ကို ဒုက္ခပေး၏။ အေးသောရာသီများတွင် ကိုက်ခဲ၏။ လမ်းလျှောက်လျှင် မအီမသာ ခြေတစ်ဖက်ဆာနေ၏။ ဆရာမက သူ ဒီလိုထိခိုက်သွားတာကို ဂရုမစိုက်သည့်အပြင်၊ သူ့ဆီပြေးဝင်လာကာ ဆူပူငေါက်ငမ်း၏။ နာကျင်တာကတစ်ကြောင်း၊ ဘေးက ဝိုင်းကြည့်သူတွေ လှောင်ပြောင်တာကို ရှက်တာကတစ်ကြောင်း၊ပြိုင်ပွဲမှာ ရှုံးနိမ့်တာကတစ်ကြောင်း၊ သူ့ရင်ထဲမှာ ခံစားမှုတွေ ဗလောင်ဆူနေစဉ်၊ ဆရာမထံမှ နှစ်သိမ့်စကားမကြားရဘဲ ဆူပူငေါက်ငမ်းတာကို ကြားလိုက်ရသဖြင့် သူ လူတောထဲမှာပင်မျက်ရည်ဖြိုင်ဖြိုင်ကျအောင် ငိုကြွေးခဲ့ရလေသည်။

"ဆရာမက ကိုယ့်အတန်း ပြေးခုန်ပစ်ပြိုင်ပွဲမှာ အမှတ်မရမှာကိုပဲ စိုးရိမ်တယ်။ ကိုယ့်တပည့်တစ်ယောက် ဘာဖြစ်သွားတယ်။ ဘယ်လိုခံစားရတယ်ဆိုတာကို ဂရုမစိုက်ဘူး။ အင်မတန်တစ်ကိုယ်ကောင်းဆန်တယ်။ အခုမှ ခွင့်လွှတ်ဖို့ စကားပြောနေ

တာ ရယ်စရာကောင်းပါတယ် ဆရာမ ...”

“ဟော့ကောင် မင်းဆရာမကို ဒီလိုမပြောနဲ့ ...”

ကျော်ကျော်ထိုက်က ဟန့်တားလိုက်တော့သည်။မြင့်ဝင်းမောင်က လက်မခံ။ ဆရာမက ...

“သူ ကျေနပ်တယ်ဆို ပြောချင်တာ ပြောပါစေ ကျော်ကျော်” ဟု ခွင့်ပြု၏။ သို့သော် ...

တစ်ယောက်တစ်ခွန်း စကားများကြကာ၊ သူတို့နှစ်ယောက်မှာ လုံးထွေးသတ်ပုတ်ကြသည့်အဆင့် ရောက်သွားသဖြင့် ပျော်ရွှင်စရာကောင်းသော ညစာစားပွဲမှာ ပျက်၍ သွားလေတော့သည်။ လုံးထွေးရင်း စားပွဲပေါ် လဲကျသဖြင့် ပန်းကန်အချို့ကွဲရှကာ၊ တချို့ မှောက်ကုန်သည်။ ကျန်သူတွေက ဝိုင်းဆွဲကာ မနည်းလူခွဲပေးရ၏။ ဆရာမကတော့ သူ့မျက်နှာကိုလက်နှစ်ဖက်ဖြင့်အုပ်ကာ၊ ရှိုက်ကြီးတငင်ငိုကြွေးနေလေသည်။

ပြီးပြီ။ အားလုံး စခန်းသိမ်းပြီ။ ထားထားဝေက မေ

ရီအောင်အား ...

"ဆရာမကို အခန်းပြန်ပို့လိုက်။ ငါ ဒီမှာ သိမ်းဆည်းလိုက်ဦးမယ်"

ဟုဆိုသဖြင့်၊ မေရီအောင်က ဘီးတပ်ကုလားထိုင်ကို တွန်းကာ ထွက်သွားသည်။ မြင့်ဝင်းမောင်ကလည်း မှောင်စပျိုးနေသော မြစ်ကမ်းခြေဘက် ထွက်သွား၏။ ကျော်ကျော်ထိုက်က တော့ အရက်ကို တစ်ခွက်ပြီးတစ်ခွက် ဆက်သောက်နေသည်။ ငူတူတူ ကျောက်ရုပ်တစ်ရုပ်လို ထိုင်နေတာက သော်သော်တစ်ယောက်သာ ဖြစ်သည်။ ထားထားဝေကတော့ တစ်ယောက်တည်း ပြန့်ကျဲနေသော ပန်းကန်ခွက်ယောက်တွေကို သွက်သွက်လက်လက် သိမ်းဆည်းနေလေသည်။

× × ×

ဤညက လမိုက်ည။

ကြယ်ရောင်က လင်း၍နေသည်။ ဧရာဝတီမြစ်ပြင်က မဟူရာပုဝါတစ်စလို သူ့ရှေ့တွင် တလူးလူး တလွှင့်လွှင့်။ မြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသောလေကြောင့် မြင့်ဝင်းမောင်စိတ်မှာ အတန်ငယ်ကြည်လင်လန်းဆန်းလာသည်။သူ့အရက်မူးနေတာ မှန်ပါသည်။ သူက အရက်ကို သောက်လေ့သောက်ထရှိသူမဟုတ်။ အခု ကြုံတုန်းသောက်လိုက်တော့ သူ့ရင်ထဲက ခံစားမှုတွေကို သူမြိုသိပ်ထားနိုင်စွမ်းမရှိဘဲ၊ ပေါက်ကွဲ၍ သွားသည်။ အခုတော့ သူမှားမှန်းသိလာ၏။ ဘာပဲဖြစ်ဖြစ် ဒီပွဲက ဆရာမ၏ အသက် (၅၀) ပြည့် ရွှေရတုပွဲ။လှလှပပလေးပြီးမြောက်သွားစေချင်သည်။ အခုတော့ သူက ပွဲဖျက်သည့်ကောင် ဖြစ်ရလေပြီ။

သူကသောင်ပြင်တွင်ရပ်ကာ ကြယ်ရောင်ဖြင့်လှိုင်းကြပ်ခွပ်တွေ တလက်လက်တောက်ပနေကာ မြစ်ရေပြင်ကို အချိန်အတော်အောင် ငေးကြည့်နေမိ၏။ တကယ်တော့ သူ့စိတ်သဘော

ထား ဒီလောက်ဆိုးဝါးလှသည်မဟုတ်ပါ။ သူအပျော်သဘော အရက်သောက်မိတာ မှားသည်။ သူ့နောက်က ခြေသံကြားရ၏။ လှည့်ကြည့်လိုက်တော့ သော်သော်ဖြစ်နေသည်။

"မင်းတော်တော် စိတ်ထိခိုက်နေလား မြင့်ဝင်းမောင်"

မြင့်ဝင်းမောင်က ခေါင်းညိတ်ပြ၏။သော်သော်က...

"မင်းကိုနှစ်သိမ့်စကားပြောချင်လို့ ငါလိုက်လာတာ"

ဒီစကားကြောင့် မြင့်ဝင်းမောင် အံ့အားသင့်သွား၏။ သူက သူ့ကို အပြစ်တင်စကား ပြောလိမ့်မည်ဟု ထင်ထားသည်။အခုတော့ ...

သူ့ပုခုံးကိုဖက်ကာ သော်သော်က သောင်ပြင်ပေါ်နှစ်ယောက်သား အတူတူထိုင်ကြ၏။

"မင်းခံစားမှုတွေကို ငါက စာနာနိုင်ပါတယ် မြင့်ဝင်းမောင်။ ဘာဖြစ်လို့လဲဆိုတော့ ငယ်ငယ်က ငါလည်း ဒီလို ခံစားခဲ့ရတာကိုး"

× × ×

အတန်းထဲတွင် သော်သော်သည် အဆင်းရဲဆုံး ကျောင်းသား ဖြစ်သည်။ ဒါကြောင့်ဆရာမက သူ့အိမ်တွင်ခေါ်၍ ကျူရှင်သင်သောအခါ၊သူ့ကို ကျောင်းလခမယူဘဲ အခမဲ့သင်ပေး၏။ သူက ဆရာမအိမ်တွင် တောက်တိုမယ်ရအိမ်မှုကိစ္စကလေးတွေ ထင်းခွဲရေခပ်ကအစ ကူညီလုပ်ပေးရ၏။ သူ့မှာ အဖေမရှိ။ အမေက မုဆိုးမဖြစ်ကာ၊ ဈေးထဲတွင် ကုန်စိမ်းကို ဗန်းဖြင့်ရောင်းသူ။ ဆရာမအိမ်တွင် တောက်တိုမယ်ရ လုပ်ရသည်ကို သော်သော်က ပင်ပန်းသည်ဟု ဘယ်တုန်းကမှ မငြူစူဖူးခဲ့။ သို့သော် ရွယ်တူအတန်းဖော်များရှေ့တွင် ... သော်သော်က မုဆိုးမသားဖြစ်ကာ ဆင်းရဲကြောင်း၊ သူက အခမဲ့ပညာသင်ပေးရကြောင်း ဆရာမက ကြုံတိုင်း ပြောတတ်တာကိုမူ သူမကျေမနပ်ဖြစ်ခဲ့၏။ ထိုစကား

ကြောင့် အတန်းဖော်စာသင်ဘက်တွေက သူ့ကိုအထင်သေးသော မျက်လုံးတွေဖြင့် ကြည့်ရှုတာခံရသည်။ ပြီးတော့ … အဆိုးဆုံး သူ့အသည်းနှလုံးတွင်ကြီးမားသော ဆူးကြီးတစ်ချောင်း ပေါက်ခဲ့ရသော အဖြစ်အပျက်သည်ကား …

စာသင်နေစဉ် တစ်ရက်တွင် ဆရာမ၏ မွေးနေ့ပွဲ ကျရောက်လာ၏။ အတန်းသူ အတန်းသားအားလုံးပင် ဆရာမအတွက် မွေးနေ့လက်ဆောင်အသီးသီး ယူလာကြသည်။ သော်သော်ကလည်း ဆရာမအတွက် မွေးနေ့လက်ဆောင် ပေးချင်၏။ ထို့ကြောင့် သူ့အမေကို နားပူနားဆာလုပ်သည်။ အမေက သူတို့ဈေးထဲကဆိုင်တစ်ဆိုင်မှ အနက်ရောင်လည်စီးပုဝါလေးတစ်ထည်ကို အကြွေးဝယ်ပေးလိုက်၏။ ဈေးသက်သာသည့်အပေါ စားပုဝါကလေးမှန်း သော်သော်ကမသိ။ သူက ဝမ်းသာအားရ ယူလာကာ ဆရာမကိုပေး၏။ သို့သော် ဆရာမက အတန်းသားများရှေ့မှာပင် သူ့လက်ဆောင်ကို …

"သော်သော် ... ဒီပုဝါကလေးကို မင်းအမေကိုပဲ ပြန်ပေးလိုက်ပါ ငါမယူချင်ဘူး"

ဟုပြောပြီး ပြန်ပေးခဲ့လေသည်။ တကယ်တော့ ဤပုဝါကလေးသည်ပင် သူတို့သားအမိနှစ်ယောက်အတွက်၊ အထူးတလည် ကြိုးပမ်းကာပေးရသည့် လက်ဆောင်ဖြစ်၏။ ဆရာမက ဤကဲ့သို့ တန်ဖိုးမထားတုန့်ပြန်သောအခါ ...

ပုဝါကလေးကို ကိုင်ကာ ကျောင်းက သော်သော်ငိုယိုရင်း ပြန်လာခဲ့ရ၏။ သား ငိုကြွေးလာတာမြင်သဖြင့် သူ့အမေက အကြောင်းစုံမေးသည်။ အဖြစ်မှန်ကိုကြားရသောအခါ ...

"တို့တတ်နိုင်တာ ပေးတာပဲ။တို့စေတနာကိုတောင်အလေးမထားပဲ ဒီလိုပြောရက်သလား။ မင်းတို့ဆရာမနဲ့ ငါသွားတွေ့မယ်"

သော်သော်က တားသော်လည်းမရ။ သူ့အမေက လည်စီးပုဝါကလေးကို ကိုင်ကာ ဒေါသတကြီး ဆရာမဆီအသွား ...

လမ်းတွင် ကားတစ်စီး အတိုက်ခံရလိုက်ကာ ...

× × ×

"အဲဒီကတည်းက ကားတိုက်ခံရတဲ့ဒဏ် နဲ့ ငါ့အမေ ဟာ ကိုယ်တစ်ပိုင်းသေပြီး အိပ်ရာထဲလဲနေခဲ့တာ အခုအချိန် ထိပဲ။ငါ့ဘဝဘယ်လောက်ပင်ပန်းတကြီး ရုန်းကန်ခဲ့ရတယ်ဆို တာ မင်းမသိဘူး။ ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်ခဲ့ရ တယ်။ ကြုံရာကျပန်း အလုပ်လုပ်ရင်း မိခင်ဒုက္ခိတကြီးကို ပြုစု စောင့်ရှောက်ခဲ့ရတယ် ..."

သော်သော့်အသံထဲတွင် တကယ်ပင် ကြိတ်မနိုင်ခဲမ ရ ခံစားရတဲ့အသံတွေ ရောယှက်နေ၏။မြင့်ဝင်းမောင်က ထို စကားတွေ ကြားရသောအခါ သူ့ခံစားချက်မှာ ဘာမှမဟုတ် တော့ဟု သိလာသည်။ သော်သော်တို့ ကားတိုက်ခံရတာကို သူလည်းသိသည်။ သို့သော် ဤမွေးနေ့လက်ဆောင်လည်စီး ပုဝါလေးကြောင့်ဆိုတာကိုတော့မသိ။ မြင့်ဝင်းမောင်က ပြောသည်။

"ငါ စိတ်မကောင်းပါဘူးကွာ။ ဒါပေမဲ့ ဒါတွေကိုမေ့

ဖစ်လိုက်ကြရအောင်။ ပြီးတာတွေကို ပြီးပြီလို့ သဘောထား လိုက်ကြစို့။ တို့ဆရာမကို ခွင့်လွှတ်လိုက်ကြရအောင် ...

သော်သော့်ထံမှ လေးလံသော သက်ပြင်းချသံ ထွက်ပေါ်လာသည်။

"ဟုတ်ပါတယ်။ အခု ငါ ပြောရတာလည်း မင်းစိတ်ထဲ တင်းကြပ်နေတာတွေ ပြေလျော့သွားအောင်ပါ ..."

"ကျေးဇူးတင်ပါတယ် သော်သော်။ ငါ ... ခုနအရက်မူးလွန်သွားလို့ပါ"

"ကဲ ... လာ အိမ်ပြန်ကြရအောင် ..."

"မင်းပြန်နှင့် ငါ ခဏလောက်ဆက်နေလိုက်ဦးမယ်။ မသွားချင်သေးဘူးကွာ ။ ဒီနေရာလေးက ဆိတ်ငြိမ်အေးချမ်းတော့ နေလို့ကောင်းတယ်"

"ကြာကြာ မနေနဲ့။ မိုးရွာချင်ရွာနေမှာ"

"အိုကေ ... သူငယ်ချင်း ..."

"ဝွက်နိုက်"

ဟုနှုတ်ဆက်ကာ သူ့အပါးမှသော်သော်ထွက်ခွာသွား လေသည်။ ကမ်းခြေသောင်ပြင်ပေါ်တွင် မြင့်ဝင်းမောင်တစ်ကိုယ်တည်းထိုင်ကာ ကျန်ရစ်ခဲ့၏။သူ့ဖာသာတွေးနေမိသည်။ သူအိမ်ပြန်ရောက်လျှင် ဆရာမအခန်းသို့သွားကာတောင်းပန်မည်။ နောက်နေ့အားလုံး အသီးသီး ကိုယ့်အိမ်ကိုယ်ပြန်ကြမည်။ နောင်လည်းတွေ့စရာအကြောင်းမရှိ။ဒီတော့...ကောင်းသောခွဲခွာခြင်းနဲ့ ခွဲခွာတော့ အသင့်လျော်ဆုံး ဖြစ်ပေမည်။

သူ့နောက်က ခြေသံကြားရ၏။ သော်သော်ပြန်လာတာ ဖြစ်မည်။

"သော်သော်လား" ဟုမေးလိုက်၏။ ခြေသံ ရပ်သွားသည်။ ဘာမှ ခွန်းတုန့်ပြန်သံ ထွက်မလာ။ မြင့်ဝင်းမောင်က ထိုက်ရာမှ ထ,ရပ်ကာ နောက်လှည့်ကြည့်လိုက်၏။ သူနှင့် ခပ်လှမ်းလှမ်းတွင် ရပ်နေသည့်လူတစ်ယောက်ကို တွေ့ရ၏။

မှောင်မည်းနေသဖြင့် လူလုံးမကွဲလှသော်လည်း၊ ယောကျ်ား တစ်ဦးမှန်း သိသာသည်။

“ဘာ်သူလဲ ... ကျော်ကျော်လား”

သူထပ်မေးလိုက်၏။ ဖြေသံမကြားရ။ ထိုအခိုက်မှာ ရုတ်တရက် မိုးတစ်ချက်ခြိမ်းကာ လျှပ်စီးတစ်ချက်ပြက်လိုက်၏။ လျှပ်ရောင်ထဲတွင် မြင်လိုက်ရသောအရာကြောင့် မြင့်ဝင်းမောင် ကြက်သီးမွေးညှင်းထကာ ခေါင်းနပန်းကြီး၍ သွားသည်။ နှာကျင်စွာ အော်ဟစ်လိုက်သော မြင့်ဝင်းမောင်၏ အသံမှာ တိုက်တိုက်ဆိုင်ဆိုင် ပေါ်ထွက်လာသည့် မိုးခြိမ်းသံအောက်တွင် တိမ်မြုပ်ပျောက်ကွယ်၍ သွားပါလေတော့သည်။

✸ ယုန်လေးဟာ မသေသေးဘူး။ဒီအိမ်တစ်နေရာမှာပဲ ပုန်းဝှက်နေတာ ဖြစ်နိုင်တယ်။သူသေပြီဆိုတာက ဆရာမနဲ့ ထားထားဝေ တိုင်ပင်ပြီး တို့ကို ညာထားတာပဲ ဖြစ်ရမယ်။

(၆) လူလော၊ နာနာဘာဝလော

## (၆) လူလော၊ နာနာဘာဝလော

"မိုးရွာလိမ့်မယ်ထင်တယ်"

မိုးခြိမ်းသံကိုကြားကာ မေရီအောင်က ပြောလိုက်၏။ သူက ဒေါ်ခင်ခင်ကြီးကို ရေချိုးခန်းထဲတွင် ရေချိုးပေးရန် ပြင်ဆင်၍ နေသည်။ ဒေါ်ခင်ခင်ကြီးကို ပွေ့ချီကာ ၊ ရေချိုးခန်းထဲတွင် ထည့်ပြီး၊ ချေးတွန်းပေးနေ၏။ ဒေါ်ခင်ခင်ကြီးက ညအိပ်ရာမဝင်ခင် ဤကဲ့သို့ ရေချိုးတတ်သည်။ ယခင်က ထားထားဝေက ချိုးပေးနေကျဖြစ်သော်လည်း၊ ယနေ့ထားထားဝေက ညစာ

စားပွဲမှ ပစ္စည်းတွေ သိမ်းနေရသဖြင့် မေရီအောင်က ရေချိုးရန် ကူညီနေခြင်းဖြစ်သည်။

ဒေါ်ခင်ခင်ကြီးက ...

"ငါ့ရဲ့ အသက် (၅၀) ပြည့်မွေးနေ့ပွဲလေးကို ပျော်ရွှင်စရာ ဖြစ်တယ်လို့ ထင်ခဲ့တယ်။အခုတော့ ...

ဟုဆိုကာ ဝမ်းနည်းမှုဖြင့် စကားကို မဆက်နိုင်ဘဲ ရှိသည်။ မေရီအောင်က ...

"ဆရာမကို တပည့်တွေက တစ်ယောက်တစ်မျိုး မကျေမနပ်ဖြစ်နေကျတာဘဲ။ အခု သူတို့ ဒီကို ပြန်လာကြတယ်ဆိုတာ အဲဒီကိစ္စကို ရှင်းဖွင့်ဖို့ဘဲ ဖြစ်တယ်"

ဒေါ်ခင်ခင်ကြီးက ...

"ငါ အားလုံးကို တောင်းပန်ပြီးပြီပဲ။ ဒီကိစ္စတွေအားလုံးဟာ မရည်ရွယ်ပဲ ဖြစ်ခဲ့တာပါ။ ငါ့မှာ စေတနာတစ်ခုပဲ ရှိတယ်။ အဲဒါက ငါ့တပည့်တွေကို ကောင်းစားကြစေချင်တာပဲ"

ရေချိုးခန်းထဲက မှန်ရှေ့မှာ သွားရပ်ကာ မေရီအောင်က သူ့မျက်နှာပေါ်မှ နေကာမျက်မှန်မည်းမည်းကို ချွတ်ကြည့်လိုက်သည် ။ သူ့၏ညာဘက်မျက်လုံးတစ်ဝိုက်တွင် ဆိုးဝါးသောဒဏ်ရာ အမာရွတ်တစ်ခု ရှိနေသည်။ ဤဒဏ်ရာအမာရွတ်က၊သူ့မျက်နှာအလှကို ဖျက်ဆီးရုံမက၊ မင်းသမီးဖြစ်ရေးဆိုသော သူ့အိပ်မက်ကိုပါ ဖျက်ဆီးပစ်ခဲ့သည်။ ဒါတွေ အားလုံးရဲ့တရားခံဟာ ဒီ .. ဒေါ်ခင်ခင်ကြီးဆိုတဲ့ မိန်းမကြီးပဲ။တကယ်တော့ဒီမိန်းမကြီးသည် လူ့ဘဝတွင် အသက်ရှင်နေထိုင်ဖို့ မသင့်တော်သောမိန်းမကြီးသာ ဖြစ်သည်။

သူမှန်ရှေ့မှာရပ်ကာ ထိုသို့တွေးနေစဉ်မှာပင်ဒေါ်ခင်ခင်ကြီးသည် ရေချိုးကန်ထဲတွင် ထိုင်နေရာမှ အထဲသို့ လျှောကျသွားသည်။ သူက မစွမ်းသန်သူဆိုတော့ ပြန်ထနိုင်ဖို့ ကြိုးစားသော်သည်းမရ။ ရေချိုးကန်ထဲတွင် ခေါင်းပါနစ်မြုပ်သွားကာ ဝူးဝူးဝါးဝါး ဖြစ်နေသည်။ သူက ... သူ့ကို မေရီအောင်က ကယ်လိမ့်မည်

ဟု ထင်ထားသော်လည်း၊ မေရီအောင်ကတော့ ဘာမှမသိလေသလား၊ သေိချင်ယောင်ဆောင်နေလေသလားမသိ။ လှည့်၍ပင်မကြည့်။

ထိုအခိုက်မှာပင် အခန်းထဲသို့ ထားထားဝေ ဝင်လာကာ ရေချိုးကန်ထဲတွင် ရေနစ်နေသော ဒေါ်ခင်ခင်ကြီးကို ကပျာကသီဆွဲထူလိုက်ရင်း ...

"နင်ဘာဖြစ်နေတာလဲ မေရီ။ ဒီမှာဆရာမ ရေနစ်သေတော့မယ်"

ဟု လှမ်းကြိမ်းလိုက်၏။ ဒီတော့မှ မေရီအောင်က လှည့်ကြည့်ကာ ...

"ဆောရီးပဲ ထားထားဝေ၊ ဒီလိုဖြစ်နေတာ ငါလုံးလုံးမသိပါဘူး"

ဟု ပြာပြာသလဲ တောင်းပန်သည်။ သို့သော် တကယ်လား၊ အမှုအရာလုပ်နေတာလား ဟု ဝေခွဲရခက်လှလေသည်။

ထားထားဝေက ဒေါ်ခင်ခင်ကြီးကို သူ့အခန်းပြန်ခေါ်လာကာ၊ ရေတွေကို ခြောက်သွေ့စင်ကြယ်အောင် ညင်ညင်သာသာ သုတ်ပေးသည်။ ဒေါ်ခင်ခင်ကြီးမှာ ရေမွန်းတာထက် အထိတ်တလန့်ဖြစ်တာက ပိုနေကာ၊ အသက်ရှူမမှန်ပဲ ...

"ငါ့ကိုအားလုံးက သေစေချင်နေကြတယ်နဲ့ တူပါတယ်"

ဟုတ်သည်။ ထားထားဝေက မိနစ်အနည်းငယ်နောက်ကျရောက်လာပါက၊ ဒေါ်ခင်ခင်ကြီး ရေနစ်သေဆုံးရမှာက အမှန်ပင် ဖြစ်၏။ ထားထားဝေက ...

"ဟုတ်မယ်မထင်ပါဘူး ဆရာမ။ ဒါမတော်တဆ ဖြစ်တာပါ"

"အေးလေ။ ဒါတွေကို အိပ်မက်ဆိုးတစ်ခုလို့ပဲ သဘောထားရတော့မှာပေါ့။ ဒါတွေက မနက်ကျရင် အားလုံးပြီးသွားမှာပဲ ဥစ္စာ။ သူတို့လည်း ကိုယ့်အိမ်ကိုယ်ပြန်ကြမယ်။ နောက်တော့ ငါတို့တစ်တွေဟာ ထပ်တွေ့ဖို့ မလိုအပ်တော့ဘူးလို့ ထင်ပါ

တယ်"

ဆရာမမွေးနေ့မှာ ဝမ်းနည်းမှုဖြင့်သာ အဆုံးသတ်ရသည့်အတွက် ထားထားဝေ အမှန်တကယ် စိတ်မကောင်း ဖြစ်၍ နေလေသည်။

× × ×

ဧည့်ခန်းထဲတွင် ကျော်ကျော်ထိုက်တစ်ယောက်တည်းသာ ရှိ၏။သူက တစ်ကိုယ်တည်း အရက်ထိုင်သောက်လျက် ရှိသည်။ စိတ်ညစ်ညစ်နှင့် သောက်နေခြင်း ဖြစ်၏။ ရေချိုးခန်းထဲတွင် ဆရာမကို ရေချိုးပေးနေသည်ဆိုသော မေရီအောင်က ထွက်လာကာ မျက်နှာမသာမယာနှင့် သူ့ရှေ့က ခုံမှာဝင်ထိုင်၏။

"မိုးက ရွာဦးမလားမသိဘူး" ဟု ငြီးငြူသံဖြင့် ပြော၏။

"ရွာချင်ရွာမှာပေါ့ ..."

"စိတ်ညစ်စရာကြီး ..."

"မိုးမရွာတော့လည်း ဘာထူးလဲ။ ဒီကိုရောက်လာတာကိုက ငါ့အတွက်တော့ စိတ်ညစ်စရာကြီးပဲလို့ ထင်တယ်"

ဟုတ်သည်။ လာမိတာ မှားသည်ဟု ကျော်ကျော်ထိုက် နောင်တရနေ၏။ ဘာမှပျော်စရာမကောင်း။ တစ်ယောက်တစ်

ဆေါင်း၊ ရှန်ညိုးတွေ၊ မုန်းတီးမှုတွေ၊ အာဃာတတွေနှင့်။

"မြင့်ဝင်းမောင်နဲ့ သော်သော်တို့ရော ..."

"မသိဘူး။ခုနကတော့ မြစ်ကမ်းစပ်မှာ သူတို့နှစ်ယောက် ထိုင်နေတာ တွေ့ခဲ့တယ်"

"နင်ကလည်း အရက်ပဲ သောက်နေတော့မှာလား"

"တခြားလုပ်စရာမှ မရှိပဲ"

ကျော်ကျော်ထိုက်စကားက ဟုတ်သလိုလိုတော့ရှိသည်။ သူလည်း ဘာလုပ်စရာမှမရှိ။ ထို့ကြောင့် ထိုင်ရာက ထရပ်လိုက်သည်။ ကျော်ကျော်ထိုက်က ...

"သွားအိပ်တော့မလား"

"မအိပ်ချင်ပါဘူး။ သွားလှဲနေမလို့ ..."

ဖြုန်းကနဲ ထိုင်နေရာမှ ကျော်ကျော်ထိုက်ကပါ ထ,ရပ်လိုက်သဖြင့် မေရီအောင်က အံ့အားသင့်သွားကာ ...

"ဘာဖြစ်သွားတာလဲဟင် ..."

"ငါ .. ငါ .. ပြတင်းပေါက်ကမှန်ရိပ်မှာ ယုန်လေးကို မြင်လိုက်လို့"

"မဟုတ်တာပဲ ဟယ်"

မေရီအောင်က ငြင်းလိုက်ရအောင့်လည်း၊ ကိုယ်တိုင်မဝံ့မရဲ ဖြစ်နေ၏။

"သေချာပါတယ်။ မှန်တံခါးအပြင်ဘက်ကဲရပ်ပြီး ငါတို့က ငေးကြည့်နေတယ်။ သူ့မျက်နှာမှာ ယုန်မျက်နှာ မျက်နှာဖုံးတပ်ထားတယ်။ နားရွက်နှစ်ဖက်ကထောင်နေတာ၊ ကောင်းကောင်း မြင်လိုက်ရတာပဲ"

"သူ ... သူ သေပြီဆို "

မေရီအောင်က မဝံ့မရဲ ရည်ရွတ်လိုက်၏။ ကျော်ကျော်ထိုက်က ..

"တစ္ဆေအနေနဲ့ ကိုယ်ထင်ပြတာ ဖြစ်မှာပေါ့"

သူတို့နှစ်ယောက် တံခါးမကြီးက ထွက်၍ ပြတင်းပေါက်

နား သွားကြည့်ကြ၏။ သို့သော် ထိုနေရာမှာတော့ မည်သည့်လူ ရိပ်လူရောင်မှ မရှိ။ မေရီအောင်က ...

"တစ္ဆေဟုတ်လား။ ငါတော့ လူသေရင် တစ္ဆေဖြစ်တယ် ဆိုတာ မယုံဘူး ..."

ဟု ခွတ်ငြင်းလိုက်၏။ ကျော်ကျော်ထိုက်က ...

"ဒါဆိုရင်တော့ လူပဲဖြစ်ရမယ်"

"နင်ပြောတဲ့စကားကို ငါတော့ နားမလည်ဘူး"

"ငါပြောချင်တာက ယုန်လေးဟာ မသေသေးဘူး။ ဒီ အိမ်တစ်နေရာမှာပဲ ပုန်းဝှက်နေတာ ဖြစ်နိုင်တယ်။သူသေပြီဆို တာက ဆရာမနဲ့ထားထားဝေ တိုင်ပင်ပြီး တို့ကို ပူးပေါင်းညာ ထားတာပဲ ဖြစ်ရမယ်။ ဒါဆိုရင်တော့ အန္တရာယ်ရှိတယ် မေရီ အောင် ..."

"ဘာဖြစ်လို့လဲ"

"ဒီကောင်က ရုပ်သာမဟုတ်ဘူး။ စိတ်ကပါ တိရစ္ဆာန်

တစ်ပိုင်း ဖြစ်နေတာပဲ။ တို့ကိုလည်း သူ့ထက်အစစရာရာသာလို့ ကျေနပ်မှာ မဟုတ်ဘူး ...”

မေရီအောင်က ပြုံးလိုက်၏ ။ ကျော်ကျော်ထိုက်သည် အရက်မူးမူးနှင့် စိတ်ကူးတည့်ရာ လျှောက်ပြောနေပုံရ၏။ ဒါကြောင့် နှုတ်ဆက်ကာ သူ့အခန်းထဲ ဝင်လာခဲ့သည်။ ထိုအခန်းထဲတွင် ကြမ်းပြင်ပေါ်၌ပင် အိပ်ရာနှစ်ခုကို ယှဉ်တွဲခင်းထား၏။ သူနှင့် ထားထားဝေအတွက် အိပ်ရာများ ဖြစ်သည်။

ထားထားဝေသည် စောင်ခေါင်းမြီးခြုံကာအိပ်နေသည်။ အိပ်ယာထဲတွင် ယှဉ်ကာလှဲရင်း ...

“ထားထားဝေ နင်ငါ့ကို စိတ်ဆိုးနေတာလား။ ခုနဖြစ်တာ တကယ့်ကို မတော်တဆမှုပါ။ ငါ... ဆရာမ ဒုဋ္ဌဂျောက်အောင် တမင်လုပ်တာ မဟုတ်ပါဘူး။”

သို့သော် ထားထားဝေထံမှ ဘယ်လိုတုန့်ပြန်သံမှမကြားရ။ လှဲနေရာမှ မေရီအောင်က ထ,ထိုင်သည်။

“ငါက တောင်းပန်စကား ပြောနေတာတောင် နင်က ဘာလို့ စကားမပြန်နိုင်ရတာလဲ။နင်ဘာဖြစ်နေတာလဲ ထားထား ဝေ”

ဟုပြောကာစိတ်ဆိုးဆိုးဖြင့် စောင်စကိုဆွဲယူကာ လှန်ချ လိုက်သည်။ အိပ်ယာထဲတွင် ထားထားဝေ ရှိမနေ။ ဖက်အုံးတစ် လုံးကို အလျားလိုက်ထားကာ စောင်ခြုံထားခြင်းသာ ဖြစ်သည်။ ခေါင်းအုံးပေါ်မှာတော့ အဖြူရောင် ယုန်မျက်နှာ မျက်နှာဖုံးက လေးတစ်ခု ချထားတာ မြင်ရလေသည်။

× × ×

ဒေါ်ခင်ခင်ကြီးသည် အခန်းထဲရှိဘီးတပ်ကုလားထိုင်ပေါ်တွင် တစ်ကိုယ်တည်း ငေးငေးငူငူ ထိုင်နေမိသည်။ သူ့ပျော်ရွှင်မှုအတွက် ကျန်လူတွေကို အလုပ်ပျက်အကိုင်ပျက်နှင့် စိတ်မချမ်းမမြေ့အောင် လုပ်မိနေပြီဟု စိတ်ပျက်ဝမ်းနည်းနေမိ၏။ သူ့အခန်းထဲကို ဝင်လာသည့် ခြေသံကြားသဖြင့် ကြည့်လိုက်တော့ ယုန်လေး ဖြစ်နေလေသည် ။ သား ယုန်ကလေးသည် လက်ခေါက်မထားသောဘိုသီဘတ်သီရှပ်အကျီအစွတ် လက်ရှည်နှင့် ဖလံထည် ဘောင်းဘီပွပွကို ဝတ်ဆင်ထား၏။ ထုံးစံအတိုင်း သူ့မျက်နှာတွင် ယုန်မျက်နှာ မျက်နှာပုံးလေးစွပ်ထား လေသည်။

"သား ယုန်လေး လာပါဦးကွယ်။ သားကို ခေခေ ...

တွေ့ရတာ တော်တော်တောင်ကြာနေပြီ"

ယုန်ကလေးက ကုလားထိုင်ခြေရင်းတွင် ဒူးထောက်ထိုင်ကာ၊ သူ့အမေရင်ခွင်ထဲကို ခေါင်းဝှက်၍ ထားလေသည်။ ဒေါ်ခင်ခင်ကြီးက ယုန်လေးကို တယုတယ ပွေ့ဖက်ထား၏။

"ကံဆိုးရှာတဲ့ သားလေး။ နောင်ဖြစ်လေရာဘဝတွေမှာ ဒီလို ကြမ္မာဆိုး ဝဋ်ဆိုးတွေနဲ့ မကြုံရပါစေနဲ့လို့ မေမေဆုတောင်းပေးပါတယ် ... သားရယ်။ သားမျက်နှာကို ပြစမ်းပါဦး"

ယုန်လေးက သူ့မျက်နှာကိုတော့ ပြသည်။ ဒေါ်ခင်ခင်ကြီးက သူ့သားမျက်နှာပေါ်က မျက်နှာဖုံးကိုဆွဲချွတ်လိုက်၏။ သားတစ်ယောက် ဘယ်လောက်ပဲရုပ်ဆိုးပါစေ၊ အမေအတွက်တော့ ယင်းကိစ္စမှာ ထိတ်လန့်စရာ မဟုတ်ပါချေ။ သို့သော် သူ ဆွဲချွတ်လိုက်တော့ မျက်နှာဖုံးအောက်က မျက်နှာမှာ၊မောင်ရုပ်ဆိုး မဟုတ်ပဲ မေရီအောင် ဖြစ်နေလေသည်။

အလကား သူစိတ်ကူးယဉ်နေတာ သူ့သားရုပ်ဆိုး ဘယ်

ဖြစ်နိုင်ပါ့မလဲ။ ရုပ်ဆိုးက သေဆုံးခဲ့ပြီးပြီပဲ။ သူက မေရီအောင်ကို သူ့သားယုန်လေးဟု အာရုံတွင်စွဲကာ ထင်မိထင်ရာ မြင်နေမိခြင်း ဖြစ်သည်။ အခုတော့ မေရီအောင်ကိုသာ သူဖက်ထားလိုက်၏။ မေရီအောင်ကလည်း သူ့ခါးကို ဖက်ထားကာ ...

"ဆရာမ မေရီကို ခွင့်လွှတ်နော်။ခုန ဖြစ်တာ တကယ့်ကို မတော်တဆဖြစ်တာပါ"

ရေချိုးခန်းထဲမှ အဖြစ်ကိုတောင်းပန်၏။

"ဆရာမ ဘာယ်လိုမှ သဘောမထားပါဘူး မေရီရယ်"

"ဝမ်းသာလိုက်တာ ဆရာမရယ်။ဆရာမ မအိပ်ချင်သေးရင် အပြင်ထွက်ကြမလား ..."

အပြင်တွင် ခုန မိုးက ရွာတော့မည့်ကဲ့သို့ ခြိမ်းနေဟိန်းနေခဲ့သော်လည်း အခုတော့၊ ငြိမ်သက်အေးချမ်းနေပြန်သည်။

"ကောင်းသားပဲ ဆရာမလည်း လေကောင်းလေသန့် ရှူချင်တယ်။"

မကြာမီ သူတို့ နှစ်ယောက်သည် တောလမ်းကလေးထဲ ရောက်လာကြသည်။ ဘီးတပ်ကုလားထိုင်ပေါ်တွင် ဒေါ်ခင်ခင်ကြီးက ထိုင်၍၊ ထိုဘီးတပ်ကုလားထိုင်ကို မေရီအောင်က တွန်း၍

ဆရာတပည့်နှစ်ယောက်၏ ကြည်နူးစရာမြင်ကွင်းဟု ဆိုနိုင်သည်။ ချောက်ကမ်းပါးနှင့် အနည်းငယ် နီးကပ်လာသောအခါ မေရီအောင်က ဘီးတပ်ကုလားထိုင်ကို ရပ်လိုက်၏။ သို့သော် ဒေါ်ခင်ခင်ကြီးက ...

"ချောက်နှုတ်ခမ်းနားအထိ တွန်းသွားပါ။ ငါရောဝတီမြစ်ကြီးကို နီးနီးကပ်ကပ်ကြည့်ချင်လို့"

ဟု ပြော၏။ မေရီအောင်က ဆရာမပြောသည့်အတိုင်း တွန်း၍ သွားသည်။ ချောက်ကမ်းပါးအစွန်းနှင့် တစ်ထွာလောက်ရှိသောအခါကျမှ၊ မေရီအောင်က ရပ်လိုက်၏။ အခြေအနေမှာ အသည်းယားစရာ အခြေအနေဖြစ်၏။ မေရီအောင်က စိတ်လွှတ်ပေါက်၍သာ တွန်းချလိုက်လျှင် ဒေါ်ခင်ခင်ကြီးသည် ကုလား

ထိုင်နှင့် အတူ အလွယ်တကူပင် ချောက်ထဲသို့ ကျွမ်းထိုးမှောက်ခုံ ကျကာ သေဆုံးသွားနိုင်လေသည်။ တွေးကြည့်ရင်းဖြင့်ပင် မေရီ အောင်သည် ကြက်သီးမွေးညင်းထ,သွား၏။ ထို့ကြောင့် အိမ် ဘက်ပြန်ရန် ဆုံးဖြတ်လိုက်သည်။

ထိုစဉ်မှာပင် အနီးရှိ သစ်ပင်နောက်ကွယ်မှ တစ်စုံတစ် ယောက် ထွက်လာ၏။ မေရီအောင်က ထိုသူ့ကို မြင်လိုက်ရသော အခါ လန့်ဖြန့်၍သွားသည်။ ရုပ်ဆိုးခေါ် ယုန်လေး ဖြစ်နေသော ကြောင့်ပင်။ ယုန်လေးက သူ့အမေကို မေရီအောင်က အန္တရာယ် ပြုလိမ့်မည်ဟု ထင်ဟန်ရှိ၏။ တစ်စထက်တစ်စ ရှေ့သို့တိုးလာ ကာ၊ အံ့အားသင့်ကာ ကြက်သေသေကြည့်နေသည့် မေရီအောင် အား ရင်ဝမှ ဆောင့်တွန်းလိုက်လေရာ ...

မေရီအောင်သည် မြင့်မားလှသည့် ချောက်အတွင်း ခေါက်ထိုးမိုးမျှော်ကျ၍ သွားပါလေတော့သည်။

✸ ပြေးလာရင်း သူမှောင်ထဲတွင် ခလုတ်တိုက်၍ လဲသည်။ ကြည့်လိုက်တော့ သေဆုံးနေပြီ ဖြစ်ဟန်တူသော လူတစ်ယောက်။ ဘယ်သူလဲ။ ကျောက်ဆောင်တစ်ခု၏အရိပ်အောက်တွင်ဖြစ်၍ မှောင်မည်းနေသည်။

(၇) သေခြင်းသင်္ကေတည

## (၇) သေခြင်းသင်္ကေတည

ယုန်လေး။

ယုန်လေးရဲ့လက်ထဲမှာ အသွားထက်လှသောဓါးမြှောင်ကြီးတစ်ချောင်းကို ကိုင်ဆောင်ထားသည်။ ဓါးမြှောင်အသွားမှာသာမက၊ ယုန်လေးရဲ့အဝတ်အစားတွေမှာပါ သွေးတွေ စွန်းထင်းပေကျံနေသည်။ သူ ဘယ်သူတွေကို သတ်ခဲ့ပြီလဲ။

သူ့အခန်းထဲကို ဘယ်နေရာမှ ယုန်လေးဝင်လာခဲ့တာလဲ။ သူ့ဘေးက မေရီအောင်ကို ကြည့်လိုက်၏။ မေရီအောင်က

အိပ်ရာထဲတွင် ရှိမနေ။ မေရီအောင် ဘယ်ရောက်သွားပြီလဲ။ ယုန်လေးသည် တကယ်တမ်းဆိုရလျှင် သနားစရာကောင်းလှသည့် အပစ်ပါယ်ခံလူသားတစ်ဦး ဖြစ်သည်။ အခုတော့ … ကြောက်စရာကောင်းလှသည့် စိတ္တဇလူသတ်သမားနှင့် တူနေ၏။ သူ့ကို ကစားစရာလို ဒါမှမဟုတ် တိရစ္ဆာန်တစ်ကောင်လို သဘောထားလှောင်ပြောင်ခဲ့ကြသည့်သူတွေကို ရက်ရက်စက်စက် ကလဲ့စားချေနေခြင်းပေလား။

"ယုန်ကလေး ငါ တောင်းပန်ပါတယ်။ ငါ့ကိုမသတ်ပါနဲ့" ဟု ထားထားဝေက ငိုယိုတောင်းပန်သော်လည်း ယုန်ကလေးက ဂရုဏာဟန်မပြ။ သူ့ပါးစပ်က မည်သို့အဓိပ္ပါယ်ကောက်ရမည်မသိသော ဂူးဂူးဝါးဝါး မပီမသအသံတွေ ထွက်ပေါ်၍ နေသည်။ ပြီးတော့ သူ့မျက်နှာပေါ်မှ မျက်နှာဖုံးကို ဆွဲချွတ်ပစ်လိုက်၏။

ဒီတော့ ထိတ်လန့်ခြောက်ခြားဖွယ် ကောင်းလှသော

ယုန်လေး၏ ပကတိသွင်ပြင်မျက်နှာက ပေါ်၍လာ၏။ ယုန်ကလေးမသတ်ခင် ဤမျက်နှာကို မြင်တာဖြင့်ပင်၊ လိပ်ပြာလွင့်စင်ကာ အသက်ပျောက်သွားနိုင်ပေသည်။ သူ့အကြောအချဉ်တွေ လှုပ်ရှားမရပဲ စိတ်ညို့ခံထားရသူတစ်ယောက်လို ကြက်သေသေနေမိသည်။

ယုန်ကလေးက အနားရောက်လာကာ သူ့လက်ထဲကဓါးက မြှောက်၍ တစ်ချက်ပြီးတစ်ချက် အချက်ပေါင်းများစွာ ...

ရုတ်တရက် ထားထားဝေသည် အိမ်မက်က လန့်နိုးလာလေသည်။ သူ့တစ်ကိုယ်လုံး ချွေးတို့ဖြင့် ရေချိုးထားသလို ရွှဲနစ်နေ၏။ ရင်ကလည်း အဆက်မပြတ်လှိုက်ဖိုနေလေရာ၊ သူ့နှလုံးခုန်သံကိုပင်၊ ကောင်းစွာပြန်ကြားနေရလေသည်။ သူအိပ်ရာထဲမှ ထထိုင်ကာ ဘေးကိုကြည့်လိုက်သည်။ သူ့ဘေးတွင် မေရီအောင်ရှိမနေ။ သူသည် ပစ္စည်းတွေသိမ်းဆည်းခဲ့ရသဖြင့် မောပန်းနေရာ အိပ်ရာပေါ်တွင် ခဏဟုလှဲရင်း တမှေးအိပ်ပျော်သွားခြင်း ဖြစ်

ညည်၊ အချိန်က နည်းတော့သည်မဟုတ်။ မေရီအောင်က ဘာ့ကြောင့် ဒီအချန်အထိ အိပ်ရာထဲ ရောက်မလာရသနည်း။ သူအပြင်ထွက်လာခဲ့သည်။

ညည့်ခန်းမှာ တိတ်ဆိတ်နေ၏။ သူက ဆရာမအိပ်ခန်းကို သွားကြည့်သည်။ ဆရာမ ရှိမနေ၊ ကုတင်ထဲတွင် ထိတ်ကနဲဖြစ်အား၊ ဆရာမအတွက် စိုးရိမ်ပူပန်သွားမိ၏။ ဆရာမသည် မသန်စွမ်းသူဖြစ်ရာ၊ သူတစ်ကိုယ်တည်း ဘယ်လိုမှ မသွားနိုင်။ ယခု ဆရာမကို ဘယ်သူက ခေါ်ဆောင်သွားလေသနည်း။ ယောကျ်ားလေးတွေ အိပ်ရန် ပြင်ဆင်ပေးထားသည့် အခန်းတံခါးကို ဖွင့်ကြည့်၏။ အခန်းထဲတွင် တစ်ယောက်မှမတွေ့။

လူတွေဘယ်ရောက်ကုန်သနည်း။ နိုင်ငံခြားလျှို့ဝှက်သဲဖိုရုပ်ရှင်များတွင် ကြည့်ရလေ့ရှိသကဲ့သို့ လူသူကင်းမဲ့နေသည့်မြို့ပျက်ကြီးများကို သူအမှတ်ရနေ၏။ ဆရာမကို အရင်ရှာရမည်။ ဆရာမက သူ့သားကို သတိရလာလျှင် ဤမြေတိုက်ခန်းသို့ သွား

နေတတ်၏။ ထားထားဝေက မြေတိုက်ခန်းဆီလျှောက်လာခဲ့သည်။ မြေတိုက်ခန်းတံခါးမှာ ခပ်ဟဟ ပွင့်နေ၏။ မြေတိုက်ခန်းထဲတွင် လျှပ်စစ်မီးရောင်လည်း လင်းနေ၏။ လူမရှိပဲ မြေတိုက်ခန်းထဲတွင် မီးဖွင့်ထားလေ့မရှိ။

ထားထားဝေသည် မြေတိုက်ခန်းတံခါးကို တွန်းဖွင့်ကာ အထဲကိုဝင်လိုက်သည်။ အထဲတွင် သူထင်မှတ်ထားသည့်အတိုင်း လူတစ်ယောက် ရှိနေတာတော့မှန်ပါ၏။ သို့သော် ထိုသူသည် သူ့ကို နှုတ်ဆက်စကားပြောခြင်းကိုသော်လည်းကောင်း၊ ကြိုဆိုခြင်းကိုသော်လည်းကောင်း မပြုနိုင်တော့။

ထိုသူကား မြင့်ဝင်းမောင် ဖြစ်သည်။ မြင့်ဝင်းမောင်သည် မြေတိုက်ခန်းအလယ် ကြမ်းပြင်ပေါ်တွင် ပက်လက်လဲလျောင်းကာ အသက်ပျောက်လျက်ရှိလေသည်။

× × ×

ယခုအရွယ်ထိ ထားထားဝေသည် လူသေအလောင်း တစ်လောင်းကို မြင်ဖူးခဲ့ခြင်းမရှိဖူးဘဲ၊ ယခုလို ညအချိန်မတော် အဖော်မပါတစ်ကိုယ်တည်း အလောင်းကောင်ကြီးကို တွေ့လိုက်ရသောအခါ၊ အတော်ပင်တုန်လှုပ်ချောက်ခြားသွားလေသည်။ မြေတိုက်ခန်းထဲက အမြန်ဆုံး ပြန်ပြေးထွက်လာခဲ့သည်။

ညှော့ခန်းထဲရောက်သောအခါ တယ်လီဖုန်းကို ကောက်ကိုင်ကာ ရဲဌာနကို အကြောင်းကြားလိုက်သည်။ သို့သော် တယ်လီဖုန်းက ခေါ်မရ။ ကြည့်လိုက်သောအခါ တစ်စုံတစ်ယောက်က တယ်လီဖုန်းကြိုးကို ဖြတ်ထားတာ တွေ့ရလေသည်။ လူသတ်သမားသည် ပိပိရိရိကြံစည်နေပြီဆိုတာက ထင်ရှား၍နေသည်။ တစ်အိမ်လုံးမှာ သူတစ်ယောက်တည်း။ ထားထားဝေ ဘာလုပ်ရ

မလဲ။ သူတို့အိမ်မှ မြို့လယ်ရဲစခန်းဆီရောက်အောင် သွားဖို့ဆိုတာ တကယ်မလွယ်။ အထူးသဖြင့် ယခုကဲ့သို့ လူခြေတိတ်နေသော အ,ကာလညများတွင် ပို၍မလွယ်။

ယခုလောလောဆယ် သူလုပ်ရမှာကဆရာမဒေါ်ခင်ခင်ကြီးကို မတွေ့တွေ့အောင်ရှာဖို့ပဲ ဖြစ်သည်။ သူခဏလေးအိပ်ပျော်ခဲ့မိသည်။ အိပ်ပျော်ချိန်မှာ ဘာတွေဖြစ်ပျက်ခဲ့သနည်း။ ကွင်းဆက်က ဖြတ်တောက်၍ နေလေသည်။ သူတောလမ်းကလေးဘက်ကို လက်နှိပ်ဓါတ်မီးတစ်လက်နှင့် ထွက်လာခဲ့၏။ချောက်ကမ်းပါးနားအရောက်တွင် ဒေါ်ခင်ခင်ကြီး၏ ဘီးတပ်ကုလားထိုင်ကို တွေ့လိုက်ရ၏။

သူပြေးသွားကာ အကဲခတ်လိုက်သည်။ ဒေါ်ခင်ခင်ကြီးသည် ကုလားထိုင်ပေါ်တွင် ဇက်ကျိုးကျနေလေရာ၊ ပထမတော့သေဆုံးနေပြီဟု ထင်မှတ်လိုက်သေး၏။ သေသေချာချာစစ်ဆေးကြည့်တော့မှ၊ အသက်ရှုနေတာ တွေ့ရသဖြင့် မသေဆုံးသေး

ကြောင်း သိရလေသည်။ ဒေါ်ခင်ခင်ကြီး၏လှည်းကို သူအိမ်ဆီ ပြန်တွန်းလာ၏။ ဆေးရုံကို အချိန်မီပို့မှ ဖြစ်မည်ထင်သည်။ သို့သော် အကူအညီတောင်းရမည့်သူက မရှိ။ အကြပ်အတည်း ပေါင်းနုံထဲတွင် ထားထားဝေသည် ဒုက္ခိတတစ်ယောက်နှင့်အတူ ချောင်ပိတ်မိနေလေတော့သည်။

ကျော်ကျော်ထိုက်သည် ညအိပ်ချိန်ရောက်သည့်တိုင်အောင် သော်သော်ရော မြင့်ဝင်းမောင်ပါရောက်ရှိမလာသည့်အတွက် စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားနေရသည်။ သူတို့သုံးယောက်ကို အခန်းတစ်ခန်းထဲတွင် အတူတူအိပ်ရန်၊ ဆရာမက စီစဉ်ပေးထားပြီးဖြစ်၏။ သူ အခန်းထဲက ပြန်ထွက်လာခဲ့သည်။ တစ်အိမ်လုံးမှာ တိတ်ဆိတ်နေ၏။

သူက အိမ်ပြင်ထွက်ကာ ကြည့်လိုက်သည်။ အဝေးတွင် သစ်ပင်အုပ်တစ်အုပ်၊ ချောက်ကမ်းပါးတစ်ဖက်တွင်ရောဝတီမြစ်ပြင်။ ညက ကြယ်ရောင်ဖြင့်ပင်၊ မှုန်မှုန်မွှားမွှား လင်းလက်

နေသည်။ ဆရာမအခန်းကို သွားဖွင့်ကြည့်၏။ ဆရာမ မရှိ။ ဆရာမကို ဘီးတပ်ကုလားထိုင်တွင်တင်ကာ၊ တောတန်းဘက် မေရီအောင်တွန်းသွားတာ သတိရလာ၏။ ထို့ကြောင့် တောတန်း ဘက် သူ ထွက်လာခဲ့သည်။

တောအုပ်ထဲတွင် သိပ်မရှည်သောမြေနီလမ်းကလေးရှိ တာ သူသိသည်။ ဤမြေနီလမ်းကလေးအဆုံးတွင် မြစ်ကမ်းပါး ချောက်တစ်ခု ရှိနေ၏။ လမ်းအဆုံးတွင် ဘီးတပ်ကုလားထိုင် ရှိနေသည်။ သူ သွားကာကြည့်လိုက်တော့၊ ဘီးတပ်ကုလားထိုင် ပေါ်တွင် သတိလစ်နေသော ဒေါ်ခင်ခင်ကြီးကို တွေ့လိုက်ရ သည်။ မေရီအောင်ရော။ မေရီအောင်ကရော ဘယ်ရောက်နေသ နည်း။ ပတ်ဝန်းကျင်တွင် သွားရှာကြည့်တော့ မတွေ့။

သူကတစ်စုံတစ်ရာ သတိရကာ၊ ချောက်ကမ်းပါးအစပ် တွင်ရပ်၍ အောက်သို့ ငုံ့ကြည့်လိုက်သောအခါ၊ သူထင်ထား သည့်အတိုင်းပင်၊ ချောက်အောက်မြေပြင်တွင် ပက်လက်အနေအ

သားဖြင့် လဲကျကာ မလှုပ်မယှက်ဖြစ်နေသော မေရီအောင်ကို တွေ့လိုက်ရလေသည်။ ချောက်ကမ်းပါးပေါ်မှ မတော်တဆကျကာ သေဆုံးသည်ဆိုခြင်းထက် တစ်စုံတစ်ယောက်က တွန်းချသတ်ဖြတ်ခြင်းခံရဖို့ ပိုဖြစ်နိုင်၏။ကျော်ကျော်ထိုက်သည် ချောက်ကမ်းပါးနံရံတွင် တွယ်ကပ်ပေါက်နေသည့် နွယ်ပင်များကို တွဲခိုကာ မြေပြင်သို့ဆင်းသက်ခဲ့သည်။ မေရီအောင်အလောင်းဘေးတွင်ထိုင်ကာ စစ်ဆေးကြည့်တော့၊ အပေါ်ကကျသောအရှိန်ဖြင့် ဇက်ကျိုးသေဆုံးနေခြင်းဖြစ်ကာ သေဆုံးသည်မှာ မကြာမြင့်သေးဟန် ခန္ဓာကိုယ်က ပူနွေးနေဆဲ ရှိ၏။ သူ့ရင်ထဲတွင် ဝမ်းနည်းမှုနှင့် ဒေါသ တစ်ပြိုင်နက်တည်း ဖြစ်ထွန်းလာသည်။

ဒါဟာ ဘယ့်သူလက်ချက် ဖြစ်နိုင်သလဲ။ သူ ရိပ်ကနဲမြင်ရတတ်သည့် ရုပ်ဆိုးလက်ချက်လည်း ဖြစ်နိုင်သည်။ သူက လူနှင့်မတူသော ဒုတ္တိတဘာဝမို့ တခြားသာမန်လူတွေ ပြုံးပျော်နေထိုင်တာကို အမြဲဝန်တို မစ္ဆရိယပွားနေသူဖြစ်မည်။ ပြီးတော့

ငယ်စဉ်က သူ့ကိုတွေ့လျှင် လှောင်ပြောင်ရယ်မောကာ၊ ကစားစရာလိုသဘောထားခဲ့သော သူတို့သူငယ်ချင်းတွေကိုလည်း အမုန်းပွားအညှိုးထားနေဟန်တူသည်။ ဒါဆို ... ဒီတစ်ယောက်တည်းသာ မဟုတ် တစ်ယောက်ပြီးတစ်ယောက် သတ်လိမ့်မည် သူ့ကိုယ် သူ သေမင်းက လွှတ်လိုက်သည့် မရဏာတမန်ဟု ယူဆနေလေသလား။

ကျော်ကျော်ထိုက်က အိမ်ဘက်ကို ပြန်ပြေးလာခဲ့၏။ ဒီရုပ်ဆိုးဆိုတဲ့ကောင်သည် တစ္ဆေသရဲပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် သူကတော့ မရှုံ့ မကြောက်ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ ဒီကောင်ကို ဘယ်နေရာမှာရှာရမယ်ဆိုတာ သူကောင်းကောင်း သိသည်။ အိမ်ရောက်သည်နှင့် မြေတိုက်ခန်းဆီ အရင်လာခဲ့၏။ မြေတိုက်ခန်းတံခါးက အနည်းငယ်ပွင့်ဟနေသည်။ အခန်းထဲက အလင်းရောင်က အပြင်ကိုဖြာကျနေ၏။ သူက တံခါးကို တွန်းဖွင့်ကာ ဝင်လိုက်၏။ မြင့်ဝင်းမောင်အခန်း

အသယ်တွင် လဲကျသေဆုံးနေသည်ကိုတွေ့ရသည်။

ခပ်လှမ်းလှမ်းတွင် ထွက်ပြေးသွားသော လူတစ်ယောက် တွေ့လိုက်ရ၏။ ကျောပေးကာ ပြေးလွှားနေသဖြင့် ဘယ်သူဘယ် ဝါဟု ဆခွဲမရ။ ကျော်ကျော်ထိုက်က ပြေးလိုက်သွား၏။ သို့သော် — မြစ်ဆီသို့အသွား ကမ်းခြေကမ်းပါးအရိပ်များအောက်တွင် ပျောက်ကွယ်၍သွားသည်။ သူအချိန်အတော်ကြာအောင် ရှာဖွေ သော်လည်း မတွေ့ရ။ ဒါကြောင့် အိမ်ဘက် ပြန်လျှောက်လာ သည်။ ဒီတစ်ခါတော့ ...

တောအုပ်ဘက်က ဘီးတပ်ကုလားထိုင်ကို တွန်းကာ ပြန်လာသော ထားထားဝေကို တွေ့လိုက်ရသည်။ အရက်အမူး လွန်ကာ ဒေါသလည်းဖြစ်နေသော ကျော်ကျော်ထိုက်သည် ထိန်း ချုပ်မရနိုင်အောင် ပေါက်ကွဲ၍ သွားသည်။ထားထားဝေတို့ ရှေ့ သွားရပ်ကာ ...

"ထားထား ... ရုပ်ဆိုး ဘယ်မှာလဲ"

ဟု မေးလိုက်လေသည်။ ထားထားဝေက ...

"နင် ဘာတွေလာမေးနေတာလဲ။ သူသေပြီလို့ ငါပြောခဲ့တယ် မဟုတ်လား"

"နင်မလိမ်နဲ့။ ဒီတိရစ္ဆာန်လို အကောင်မသေသေးဘူး။ မသေသေးလို့ ငါတို့သူငယ်ချင်းတွေကို တစ်ယောက်ပြီးတစ်ယောက် သတ်နေတာပေါ့။ အခုမေရီအောင်လည်း သေပြီ။မြင့်ဝင်းမောင်လည်း သေပြီ။ သော်သော်လည်း သေပြီထင်တယ်။ ကဲ ပြော ရုပ်ဆိုး ဘယ်ရောက်နေလဲ ..."

"ငါ ... ဘာမှ မသိဘူး ။ ဒီမှာ ဆရာမ သတိလစ်နေဘယ်။သူ့ကို သတိရအောင် ပြုစုဖို့ အရေးကြီးတယ်။"

တကယ်ပင် ဒေါ်ခင်ခင်ကြီးသည် ကုလားထိုင်ပေါ်တွင် ခေါင်းငိုက်စိုက်ကျကာ အရုပ်ကြိုးပြတ်ဖြစ်နေ၏။

"ကဲ ပြော ... ရုပ်ဆိုးဘယ်မှာနေတာလဲ။ ဒီကောင်ဒီအိမ်ထဲမှာပဲ ပုန်းနေတာဖြစ်မယ်။"

"သူမရှိတော့ပါဘူး။ သူသေပြီ"

"သူသေပြီဆိုတာ နင်ညာတာ။ နင်နဲ့ဆရာမပူးပေါင်းပြီး တို့ကိုညာထားတာ။ နင်နဲ့ရုပ်ဆိုးနဲ့ တစ်ကြိတ်တည်းတစ်ဉာဏ်တည်း ဖြစ်ရမယ်။ ဒီကောင့်ကို ငါသတ်မယ်။ ပြော ..ပြော"

"ငါ ပြောပြီးပြီပဲ သူမရှိဘူး။ သူသေပြီလို့"

"မယုံဘူး ..။ဒီကောင်ကို ငါခုနပဲ တွေ့လိုက်သေးတယ်"

"အဲသလို နင်မြင်ရတယ်ဆိုရင် အဲဒါဟာ သူ့ဝိညာဉ်ပဲ"

"နင်လိမ်တာ ..."

ကျော်ကျော်ထိုက်က ဒေါ်သတကြီးနှင့် ထားထားဝေ၏ မျက်နှာကိုလက်ပြန်ရိုက်လိုက်ရာ၊ ထားထားဝေသည် ကြမ်းပြင်ပေါ်ရှိ မြင့်ဝင်းမောင်အလောင်းပေါ်သို့ လဲကျသွားကာ၊မူးမေ့လုမတတ်ဖြစ်သွားသည်။ ကျော်ကျော်ထိုက်ကား အရူးတစ်ယောက်လိုဖြစ်နေလေသည်။ ဒေါ်ခင်ခင်ကြီး၏ ဘီးတပ်ကုလားထိုင်အား တွန်းလှဲလိုက်ရာ ကြမ်းပြင်ပေါ်လဲ၍ ဒေါ်ခင်ခင်ကြီးတခြား

ကုလားထိုင်တခြား ဖြစ်၍သွားသည်။ ကျော်ကျော်ထိုက်သည် အခန်းထောင့်က ပလတ်စတစ်ပုံးတစ်ပုံးကို ယူဆောင်လာ၏။ ထိုပုံးမှာ ဓာတ်ဆီထည့်ထားသောပုံး ဖြစ်သည်။ သူက ဓာတ်ဆီတွေဖြင့် ဒေါ်ခင်ခင်ကြီး ကိုယ်ပေါ်လောင်းချကာ ဖြန်းပက်နေ၏။

"နင် ဘာလုပ်နေတာလဲ။ ကျော်ကျော် ရူးနေပြီလား"

"ဟုတ်တယ်။ ငါရူးနေပြီ။ ရုပ်ဆိုးဘယ်မှာလဲဆိုတာ နင်ပြောမပြရင် ဆရာမကို မီးရှို့မယ်။ ပြီးရင် နင့်ကိုလည်း သတ်မယ်"

တကယ်ကို သူ့ကိုကြည့်ရသည်မှာ အရူးကြီးတစ်ယောက်နှင့် တူနေသည်။သူ့ကိုဘယ်လိုနည်းနှင့်မှထားထားဝေကတားမြစ်နိုင်မည်မဟုတ်။ သူ့ အနေဖြင့် အသက်စွန့်ရန်ဝန်မလေးသော်လည်း၊ဆရာမကိုတော့မထိခိုက်စေချင်။

ထိုအခိုက်မှာပင် အခန်းထဲကို နောက်ထပ် လူတစ်

သောက် ဝင်ရောက်လာသည်။ ထိုသူမှာ ရုပ်ဆိုးခေါ်ယုန်ကလေး ပင် ဖြစ်လေသည်။ ယုန်ကလေးသည် ဖလံထည် ဘောင်းဘီပွပွ နှင့် ရုပ်အင်္ကျီလက်ရှည်အကွက်နီနီကို ဝတ်ဆင်ထား၏။အင်္ကျီ သက်တွေမှာ ကြယ်သီးတပ်မထားသဖြင့် ၊ လက်ဖျားတစ်ဝိုက် တွင် ဘိုသီဘတ်သီ ဖြစ်နေ၏။

ကျော်ကျော်ထိုက်သည် အခန်းထဲကို ရုပ်ဆိုးဝင်လာတာ တွေ့ရသောအခါ၊ ကျေနပ်အားရဟန်ဖြင့် သူ့လက်ထဲကဓာတ်ဆီ ဗူးကို လွှင့်ပစ်လိုက်၏။ ပြီးတော့ ရုပ်ဆိုးကို ရင်ဆိုင်ရန် အသင့် ပြင်လိုက်သည်။

“နောက်ဆုံးတော့ မင်းရောက်လာပြီကိုး။ ငရဲကို မင်း ဘယ်လမ်းက သွားချင်သလဲ။ ပြောပေတော့ ...”

ဟု ပြောပြောဆိုဆို ရုပ်ဆိုးထံပြေးသွားကာ လည်ပင်း ညှစ်လိုက်၏။ နှစ်ယောက်စလုံး ထွေးလုံးရစ်ပတ်ဖြစ်ကာ လဲကျ သွားသည်။ တစ်ယောက်တစ်ပြန် အပြင်းအထန် တိုက်ခိုက်နေ

ကြသည်။ တစ်ကြိမ်တွင်မူ ရုပ်ဆိုးသည် အောက်ကရောက်သွား ကာ၊ ကျော်ကျော်ထိုက်က အပေါ်ရောက်သွား၏။ ကြမ်းပြင်တွင် ပက်လက်အနေအထားဖြစ်နေသော ရုပ်ဆိုး၏ရင်ဘတ်ပေါ်တွင် ကျော်ကျော်ထိုက်က ခွထိုင်ကာ ၊ လက်တစ်ဘက်က ရုပ်ဆိုး လည်မြိုကို ညှစ်ကိုင်ထား၏။ ကျန်လက်တစ်ဖက်ဖြင့် ရုပ်ဆိုး ၏မျက်နှာပေါ်က မျက်နှာဖုံးကို ဆွဲချွတ်လိုက်သည်။ မျက်နှာ ဖုံးမှာ မျက်နှာကကျွတ်၍ သွားသည်။ မျက်နှာဖုံး၏ အောက် တွင်ပေါ်လာသော မျက်နှာက သူမျှော်လင့်ထားသလို ရုပ်ဆိုး ခေါ် ယုန်လေး၏မျက်နှာ မဟုတ်။ သော်သော်၏မျက်နှာသာ ဖြစ်နေလေသည်။

"ဟင် ...သော်သော် ..."

သော်သော်ကိုကြည့်ကာ ကျော်ကျော်ထိုက်က တအံ့ တဩ ရေရွတ်လိုက်၏။ ကျော်ကျော်ထိုက် ကြောင်ငေးနေစဉ် တဒင်္ဂကိုပင်၊ သော်သော်က အကျိုးရှိစွာ အသုံးချလိုက်၏ ။

လှုပ်နေသော လက်တစ်ဖက်ဖြင့် သူ့ခါးကြားထဲမှ ဓါးမြှောင်ကိုထုတ်ယူကာ၊ ကျော်ကျော်ထိုက်ဗိုက်ကို ထိုးထည့်လိုက်ခြင်းဖြစ်သည်။ ကျော်ကျော်ထိုက်သည် ဗိုက်ကိုဖိကာ လဲကျသွားသည်။ သော်သော်ကလည်း နေရာမှထ,ကာ ဓါးဖြင့်ဆက်ထိုးနေသည်။

ထားထားဝေကမကြည့်ရဲတော့သလို သူ့မျက်လုံးတွေကို လက်ဖြင့်ကာ ကာပိတ်ထားလိုက်သည်။မျက်လုံးတွေကို ပြန်ဖွင့်ကြည့်လိုက်သောအခါ၊ သူ့ကိုကျောပေးကာအခန်းထဲကထွက်ခွာသွားသော သော်သော်ကို မြင်လိုက်ရသည်။ သူ့လက်တစ်ဘက်တွင် သွေးစွန်းနေသော ဓါးမြှောင်ကို ကိုင်ဆောင်ထားကာ၊ ကျန်လက်တစ်ဖက်တွင် ယုန်မျက်နှာ မျက်နှာဖုံးကလေးကို ကိုင်ဆောင်ထားလေသည်။

တစ်ညအတွင်းကြုံလိုက်ရသော ထိတ်လန့်ခြောက်ခြားစရာအဖြစ်တွေကို ထားထားဝေ၏စိတ်နှလုံးကို ရှုးသွပ်လုခမန်း

ထိခိုက်စေသည်။ ထားထားဝေသည် သံပတ်ကုန်သွားသော အရုပ်တစ်ရုပ်ကို မြေတိုက်ခန်း ထောင့်တစ်ထောင့်ဝွင် မလှုပ်မယှက်ထိုင်နေမိ၏။ သူ့မှာ ဘာခံစားမှုမှ၊ ဘာအသိတရားမှ မရှိတော့သလို။

ဒီလိုထိုင်နေမိသည်မှာ၊ မည်မျှကြာမြင့်သွားသည်မသိ။ ပတ်ဝန်းကျင်တွင် အမှောင်ထုပျောက်ဆုံးသွားသည်။ အရဏ်ဦး အလင်းရောင်က မြေတိုက်ခန်းထဲကို ဖြန့်ကျက်ဝင်ရောက်လာပါလေတော့သည်။

✸ အိမ်အနီးကပ်မိသောအခါ၊ သူတို့က သေနတ်များကို ထုတ်ကာ ပစ်သတ်ရန် အသင့်ပြင်ဆင်ထား၏ ။ အ သာတကြည်အဖမ်းမခံဘဲ ငြင်းဆန်ခုခံနေပါကလက် မနှေးရန် သူ့တပည့်များကို အမိန့်ပေးထား၏။

(၈) တဲရားခံကို ခြေရာကောက်မိခြင်း

## (၈) တရားခံကို ခြေရာကောက်မိခြင်း

ထားထားဝေက ရှည်ရှည်လျားလျားဖြင့် သူကြုံတွေ့ခဲ့ရသမျှကို ဇာတ်ကြောင်းလှန်ကာ ပြောပြလိုက်၏။ ဦးမင်းဒင်ကလည်း အချိန်ယူကာ စိတ်ရှည်ရှည်ဖြင့် နားထောင်နေမိသည်။

"ကဲ ... မိန်းကလေး ဒီလိုပြောပြခဲ့တာ သိပ်ကျေးဇူးတင်ပါတယ်။ မင်းလည်း ပင်ပန်းလှပြီ။ အနားယူဖို့ လိုအပ်နေတယ်။ မင်းအတွက် မင်းဆရာမနဲ့ တစ်ခန်းထဲ ကုတင်တစ်လုံး စီစဉ်ပေးထားတယ်။ အဲဒီမှာ အနားယူ။ မင်းဆရာမကိုလည်း မင်းစောင့်

ကြည့်နိုင်တာပေါ့။"

"ဆရာမ အခြေအနေရောဟင်"

"သူ သတိပြန်လည်မလာသေးဘူး။ ဒါပေမယ့် ဆရာဝန်ကြီးက စိုးရိမ်စရာမရှိဘူးလို့ ပြောပါတယ်။ မကြာခင် သတိပြန်ရလာလိမ့်မယ်။ ကဲ တို့ကို ခွင့်ပြုပါဦး ..."

ဦးမင်းဒင် အလျင်အမြန် ပြန်ထွက်လာခဲ့သည်။ ရဲကြပ်ကြီးထွန်းစန်းကို ခေါ်လိုက်ကာ ...

"ဒီအမှုက တော်တော်ရှုပ်ထွေးမယ့်အမှုလို့ ထင်ခဲ့တာအခုတော့ လွယ်လွယ်အမှုဖြစ်နေတယ်။"

ဟု ပြောလိုက်ရာ ရဲကြပ်ကြီးထွန်းစန်းက ...

"တရားခံကို ဖော်ထုတ်မိပြီးလား ဆရာ ..."

"အင်း ... ဆိုပါတော့။ တခြားလူ မဟုတ်ဘူး။ သူတို့နဲ့အတူ ဒီပွဲကိုရောက်လာတဲ့ ကျောင်းနေဘက်သော်သော်ဆိုတဲ့ ငနဲပဲ။ မင်းက သူတို့ကျောင်းမှတ်ပုံတင် စာရင်းဟောင်းမှာ ဒီကောင်နဲ့

ပတ်သက်တဲ့အချက်ကို စစ်ဆေးကြည့်။ ပြီးတော့ ဘယ်မှာနေသလဲ စုံစမ်း။ ထားထားဝေစကားအရ ဒီမြို့မှာပဲနေတဲ့သူ။ ထားထားဝေကိုယ်တိုင်ကတော့ ဒီလူဘယ်မှာနေသလဲမသိဘူးတဲ့"

"ကျွန်တော့်တာဝန်ထားပါ ဆရာ"

"အေး အမြန်ဆုံးဆောင်ရွက်ကွာ။အခုဟာက သာမန်လူသတ်မှုမဟုတ်ဘူး။ သုံးလောင်းပြိုင်လူသတ်မှုဆိုတော့ တစ်မြို့လုံးက စိတ်ဝင်စားနေကြတာ။ တရားခံကို မြန်မြန်မဖော်ထုတ်နိုင်ရင် တို့ရဲ့အဖွဲ့ သိက္ခာကျလိမ့်မယ်"

"အကောင်းဆုံးဖြစ်အောင် ကြိုးစားပါ့မယ် ဆရာ"

ရဲကြပ်ထွန်းစန်းက အလေးတစ်ချက်ပြုကာ ထွက်သွားသည်။ ဦးမင်းဒင်သည် ရုံးခန်းထဲတွင်ထိုင်ကာ တစ်ကိုယ်တည်း အတွေးနယ်ချဲ့နေမိသည်။ သူ့သက်တမ်းရဲ့အရာရှိဘဝတွင် ဤကဲ့သို့ ကြီးကျယ်သောရာဇဝတ်မှုမျိုး တစ်ကြိမ်တစ်ခါမှ မပေါက်ခဲ့စဖူး။ ယခုပင်စင်ယူကာနီး လ,ပိုင်းအလိုကျမှ ယခုလို အမှုကြီး

မျိုး ပေါ်ပေါက်လာခြင်းမှာ သူ ကံဆိုးခြင်းပင်ဖြစ်သည်။ ဤအမှုကြီးမှာ သူ့ဘ၀အတွက် "နောက်ဆုံးပိတ် အိတ်နှင့်လွယ်" ဆိုရသည့် အမှုကြီးဖြစ်သည်။ဤအမှုကြီးကိုသာ သူပေါ်အောင်မလိုက်နိုင်ခဲ့လျှင် နာမည်ပျက်ဖြင့် အနားယူရတော့မည်။ဒါကြောင့် တရားခံကို အမြန်ဆုံးဖော်ထုတ် ဖမ်းဆီးမိမှ ဖြစ်မည်ဟု တွေးတောနေ၏။

မကြာခင် ... တပ်ကြပ်ကြီးထွန်းစန်း ပြန်လည်ရောက်ရှိလာ၏။

"သော်သော်က ဒီမြို့စွန်က အိမ်ကလေးတစ်လုံးမှာ နေတယ်ဆိုတာ သိခဲ့ရပြီ ဆရာ ..."

"ဒါဆိုရင် ကားပြင်လိုက်ထွန်းစန်း။ အခုပဲ သွားဖမ်းရအောင်။ တရားခံ ထွက်ပြေးမှာ စိုးရတယ်"

ဟုအမိန့်ပေးလိုက်သည်။ မကြာမီ ရဲကားနှင့် သူတို့မြို့အပြင်သို့ ထွက်ခဲ့ကြသည်။ ရဲအုပ်ဦးမင်းဒင်၊ တပ်ကြပ်ကြီးထွန်း

စန်းအပြင်၊ အဖော်ရဲသားနှစ်ယောက်ကိုပါ ခေါ်ဆောင်လာ၏။ မြို့ပြင်ရောက်အောင် အတော်မောင်းလာခဲ့ရသည်။ သော်သော် နေထိုင်သည်ဆိုသောအိမ်ကလေးမှာ ကျယ်ဝန်းသောခြံအလယ် တွင် ဆောက်လုပ်ထားသည့် ပျဉ်ထောင်အိမ်ကလေးတစ်လုံးသာ ဖြစ်သည်။ ခြံဝတွင် ကားရပ်ကာ အထဲသို့ ဝင်လာခဲ့ကြသည်။

ခြံတစ်ခုလုံးမှာ လူသူကင်းမဲ့ကာ တိတ်ဆိတ်ငြိမ်သက် နေသလို အိမ်အနားရောက်လာသည်အထိ လူသံသူသံ မကြားရ ဘဲရှိနေ၏။ ဦးမင်းဒင်က သူ့လူများကိုသတိဝီရိယရှိစေရန် ဆော် ဩလိုက်သည်။ဤလူမှာ လူသုံးယောက်တိတိကို သတ်ဖြတ်ထား သည့် လူသတ်သမားဖြစ်လေရာ၊ လက်ရဲဇက်ရဲဖြင့် နောက်ထပ် လူသတ်ရန်လည်း ဝန်လေးလိမ့်မည်မထင်ချေ။ ထို့ကြောင့် အိမ် အနီးကပ်မိသောအခါ သူတို့က သေနတ်များကိုထုတ်ကာ ပစ် ခတ်ရန် အသင့်ပြင်ဆင်ထား၏။ အသာတကြည် အဖမ်းမခံဘဲ ငြင်းဆန်ခုခံနေပါက၊ လက်မနှေးရန် သူ့တပည့်များကို အမိန့်

သေသွားၿ၏။

"ဆရာ ... ပုတ်စော်နံ့သလိုပဲ ..."

ရဲကြပ်ကြီးထွန်းစန်းက ပြောလိုက်ခြင်းဖြစ်၏။သူ မ ပြောခင်ကပင်၊ ဦးမင်းဒင်က ပုတ်စော်နံ့နေတာကို သတိထားမိပြီး ဖြစ်၏။ လှေသေအလောင်းတစ်လောင်းမှ ထွက်ပေါ်လာသည့်အ နံ့ဖြစ်ကြောင်း သူက အတွေ့အကြုံအရ သိရှိနေလေရာ၊ နောက် တစ်လောင်းတိုးပြန်ပြီးဟု ရင်မောရှုသွားလေသည်။ အိမ်ပေါ် ရောက်သွားသောအခါ အနံ့အသက်မှာ ပို၍ဆိုးဝါးနေသည်။ သူ တို့ကသေနတ်တွေ အသင့်ပြင်ထားသော်လည်း၊ သူတို့ကို ခုခံမည့် သူကို မတွေ့ရ။

အတွင်းခန်းထဲမှာတော့ အလောင်းတစ်လောင်းကို တွေ့ ရသည်၊ အဝတ်အစားနွမ်းနွမ်းတွေ ဝတ်ဆင်ထားသည့် အသက် (၅၀)ကျော်အရွယ် အမျိုးသမီးကြီးတစ်ဦးဖြစ်၏။ သူ့အိပ်ယာ ပေါ်တွင်ပင် ကွယ်လွန်နေခြင်းဖြစ်ပြီး၊ ကွယ်လွန်သည်မှာသုံး

လေးရက်ခန့်ရှိပြီ ဟုထင်ရကာ သူ့ခန္ဓာကိုယ်မှ အပုပ်နံ့ထွက်ပေါ်နေခြင်းဖြစ်၏။ တပ်ကြပ်ကြီးထွန်းစန်းက ....

"ဒါဟာ သော်သော်ရဲ့အမေဆိုတာပဲ ဆရာ။ ဒီအိမ်မှာ သူနဲ့သူ့အမေပဲနေတယ်။ ဒီမိန်းမကြီးက ကားတိုက်ခံရလို့ အိပ်ယာထဲလဲနေတာ ကြာပြီတဲ့"

ဟု ပြောလိုက်၏။ ဦးမင်းဒင်က အလောင်း၏အခြေအနေကို အကဲခတ်ကာ ...

"သေဆုံးတာ(၃)ရက်လောက်ပဲရှိသေးပုံရတယ် ထွန်းစန်း။ သဲလွန်စရှာကြည့်ပါဦး။ သေတာကတော့ သွေးရိုးသားရိုးကွယ်လွန်တာပဲ ဖြစ်လိမ့်မယ်။"

ရဲကြပ်ကြီးထွန်းစန်းက အခန်းထဲတွင် လှည့်ပတ်ရှာဖွေကြည့်၏။

"ဆရာရေ ထူးဆန်းတာတစ်ခု တွေ့ရတယ် ။ ယောကျ်ား အဝတ်အစားရှာမတွေ့ဘူး။ မိန်းမအဝတ်အစားတွေပဲ

တွေ့ရတယ်။"

ရဲကြပ်ကြီးထွန်းစန်းက ထိုသို့ပြောနေစဉ်၊ ဦးမင်းဒင်သည် နံရံတွင်ချိတ်ထားသော ဓါတ်ပုံတစ်ပုံအနီး၌ရပ်ကာ၊ သေသေချာချာစူးစိုက်ကြည့်နေ၏။ သူခေါင်းတစ်ဆတ်ဆတ်ညိတ်ကာ ...

"ငါတို့ရေလိုက်လွဲနေတာပဲ ထွန်းစန်း။ တကယ်တော့ သော်သော်ဆိုတာ ငါတို့ထင်ထားသလို ယောကျ်ားလေးတစ်ယောက် မဟုတ်ဘူး။ မိန်းကလေးတစ်ယောက်ပဲကွ။ ဒီမှာလာကြည့်။ သူတို့သားအမိနှစ်ယောက် တွဲရိုက်ထားတဲ့ဓါတ်ပုံ"

ထွန်းစန်းက ဓါတ်ပုံကိုကြည့်ကာ မျက်လုံးပြူးသွား၏။

"ဆရာ ... ဒီဓါတ်ပုံထဲက မိန်းကလေးဟာ ..."

"ဟုတ်တယ်လေ ထားထားဝေပဲ"

"ဒါဆို သော်သော်ဆိုတာက ..."

"သူဖန်တီးထားတဲ့ ဇာတ်ကောင်တစ်ကောင်ပေါ့"

"ဒါဆို သူပြောခဲ့တာတွေက ..."

× × ×

"အဖြစ်မှန်တွေကို ဖုံးကွယ်ပြောခဲ့တယ်ဆိုတာ သေချာပါတယ်။"

"ဒါဆို တရားခံဖြစ်ဖို့ ဖြစ်နိုင်ချေအများဆုံးသူဟာ ထားထားဝေပဲဖြစ်နေတာပေါ့။ ဒီလိုမိန်းကလေးတစ်ယောက်က သန်သန်မာမာယောက်ျားကြီးတွေကို ဒီလိုသတ်ဖြတ်ဖို့ဆိုတာ လွယ်ပါ့မလားဆရာ"

"အဲသလိုလုပ်နိုင်ဖို့အတွက် အကြောင်းတရားလည်း ရှိမှာပေါ့။ အရေးကြီးတာက သူနောက်ထပ်လူမသတ်ဖို့ အမြန်ဆုံးတားဆီးရမယ်"

" သူသတ်ဖို့လူ ကျန်သေးလို့လားဆရာ ..."

"ကျန်သေးတယ်။ ငါထင်တာမလွဲဘူးဆိုရင်တော့ အဲဒီသူဟာ ဆရာမဒေါ်ခင်ခင်ကြီးပဲဖြစ်လိမ့်မယ်"

သူတို့ကားနှင့် ဆေးရုံသို့အမြန်ဆုံးရောက်အောင် ပြန်လာကြသည်။စိုးရိမ်စိတ်ကြောင့် ထွန်းစန်းသည် အမြန်မောင်းနေသည့်ကားကိုပင် စိတ်ထဲတွင်နှေးသည်ဟု ထင်နေမိ၏။ဦးမင်းဒင်ကမူ အတွေးနယ်ချဲ့နေသလို ငြိမ်ငြိမ်သက်သက်လိုက်ပါလာ၏။

ဆေးရုံထဲသူတို့ဝင်လာသည်နှင့် တာဝန်ကျဆရာဝန်က ဦးမင်းဒင်ကိုတွေ့ဆုံကာ ...

"ရဲအုပ်ကြီးရေ။ ထူးခြားတာတွေ့ရတယ်။"

သူက အလောင်းများကိုခွဲစိတ်စစ်ဆေးနေသူဖြစ်သည်။ ဦးမင်းဒင်က "ဘာများလဲ ဒေါက်တာ"

"သေဆုံးသူသုံးဦးလုံးကို ကျွန်တော်စစ်ဆေးပြီးပါပြီ။ သုံးယောက်လုံးဟာ အဆိပ်မိသေဆုံးကြတာကို တွေ့ရပါတယ်။ တွေ့ရတဲ့ ဓါးဒဏ်ရာတွေက တရားခံကအမှုအခင်းကို ရှုပ်ထွေးအောင် နောက်မှထပ်ဖန်တီးထားတာ ဖြစ်ပုံရတယ်။"

"အင်း တွေးရတာ ပိုရှုပ်သွားတာပေါ့။ ကဲ ... ဒေါ်ခင်

ခင်ကြီးအခန်းကို သွားကြရအောင်။ တရားခံကို အုပ်မိဖို့အရေး ကြီးတယ်။"

သို့သော် ... ထိုအခန်းကိုရောက်သွားသောအခါ၊ ဒေါ်ခင်ခင်ကြီးရော၊ ထားထားဝေပါ ရှိမနေတော့ဘဲ၊ သူတို့ကိုအခန်းလွတ်ကြီးကသာ ဆီးကြိုနေပါလေတော့သည်။

ဘုရားရှင်က သတ္တဝါတွေကို အပါယ်လေးဘုံရောက်အောင် ဆွဲချတတ်သည့်အရာကား ဝန်တိုမစ္ဆရိယစိတ်ဟု ဟောကြားခဲ့ဖူးတာအမှတ်ရ၏။ ထားထားဝေသည်လည်း ထိုမစ္ဆရိယစိတ်၏သားကောင်ဖြစ်ခဲ့သည်။

(၉) မစ္ဆရိယ၏သားကောင်

## (၉) မစ္ဆရိယ၏ သားကောင်

မိုးကောင်းကင်သည် မှိုင်းညို့ပြာမှောင်ရာမှ တဖွဲဖွဲမိုးရေစက်များ ကျဆင်းလာသည်။ ကြာသော်ဖွဲရာမှ သဲ၍လာသည်။ မိုးထဲလေထဲဧရာဝတီမြစ်၏ မြင့်မားလှသောချောက်ကမ်းပါးတစ်နေရာတွင် ဒေါ်ခင်ခင်ကြီးနှင့် ထားထားဝေတို့ ရောက်ရှိနေကြသည်။ ဒေါ်ခင်ခင်ကြီးသည် ဘီးတပ်ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိသည်။ ဘီးတပ်ကုလားထိုင်၏ နောက်မှီလက်ကိုင်ကို ကိုင်ကာ ထားထားဝေသည် ကျောက်ရုပ်တစ်ရုပ်လို ရပ်နေလေ

သည်။ မိုးစက်တွေက သူတို့နှစ်ယောက်၏ ခန္ဓာကိုယ်အနှံ့အပြားကို ထိမှန်နေသည်။မိုးရေကြောင့် သူတို့နှစ်ယောက်သည် ဆံစမှ ခြေဖျားအထိ ရွှဲရွှဲစို၍ နေသည်။သူတို့ရေ့ချောက်ကမ်းပါးအောက်ခြေရှိ ဧရာဝတီမြစ်ပြင်သည် ပြင်းထန်သော လေနှင့် မိုးကြောင့် ကြီးမားသည့် လှိုင်းဂယက်များ ထ,လျက်ရှိသည်။

ဒေါ်ခင်ခင်ကြီးသည် ဆေးရုံပေါ်တွင် သတိရလာသောအခါ၊ သူ့ဘေးတွင် ထားထားဝေတစ်ယောက်သာ ရှိနေသည်ကို တွေ့ရသည်။ထားထားဝေက ဒေါ်ခင်ခင်ကြီးကို ဘီးတပ်ကုလားထိုင်ပေါ်တင်ကာ ဆေးရုံမှထွက်လာခဲ့သည်။ပြီးတော့ ဧရာဝတီမြစ်ကမ်းပါးကို ခေါ်ဆောင်လာခဲ့၏။ ဒေါ်ခင်ခင်ကြီးက ထားထားဝေကို ဘာမှမပြောဘဲ ငြိမ်ငြိမ်သက်သက်သာ လိုက်ပါလာသည်။သူကမလိုလားသည့်တိုင်အောင် ငြင်းဆန်နိုင်သောစွမ်းအားမရှိချေ။ သူတွေ့ကြုံခဲ့ရသည့် တစ်

ညတာအဖြစ်က သွေးပျက်ဖွယ်ကောင်းလောက်အောင်ပင်ဆိုး ဝါးပြင်းထန်လှသည်။

သူ သတိပြန်လည်လာပြီ ဖြစ်သော်လည်း စိတ်ရော ကိုယ်ပါ နွမ်းနယ်၍နေသေးသည်။ သူက ရောဝတီမြစ်ပြင်ကိုငေး ကြည့်နေရာမှ ...

"မင်းဘာလို့ ဒီလိုအလုပ်တွေ လုပ်ခဲ့ရတာလဲ ထားထား ဝေ"

ဟုမေးလိုက်၏။ ထားထားဝေထံမှ ရုတ်တရက် အဖြေမ ရ။ အတန်ကြာမှ ...

"မစ္ဆရိယစိတ်ကြောင့်လို့ပဲ ထင်ပါတယ်ဆရာမ"

လူချင်းမတူ သူချင်းမမျှ ဘဝမျိုးဖြင့် နေထိုင်ခဲ့ရသူတွေ သည် ဒီလိုမစ္ဆရိယစိတ်၏ သားကောင်များ ဖြစ်ခဲ့ကြရသည်။ ဘုရားရှင်က ... သတ္တဝါတွေကို အပါလေးပါး ဘုံရောက်အောင် ဆွဲချတတ်သည့်အရာကား ဝန်တိုမစ္ဆရိယစိတ်ဟု ဟောကြားခဲ့

ရှာတာ အမှတ်ရနေ၏။ ထားထားဝေသည်လည်း ထိုမစ္ဆရိယစိတ်၏သားကောင် ဖြစ်ခဲ့သည်။ ဒေါ်ခင်ခင်ကြီးက တွေးနေ၏။

ထားထားဝေက ကြေကွဲဆို့နင့်သောလေသံဖြင့် ...

"ကျွန်မဟာ အာဃာတတွေ၊ ရန်ညှိုးတွေ၊ ကလဲ့စားချေမှုတွေစားသုံးပြီး ကြီးပြင်းခဲ့ရတဲ့တိရစ္ဆာန်တစ်ကောင်ပါ ဆရာမ။ ဒီအတွက် ကျွန်မကိုယ်ကျွန်မ ဂုဏ်မယူပါဘူး။ ဒါပေမယ့် သူတို့ကိုလည်း မသနားမိဘူး ..."

အတိတ်ကာလက အဖြစ်များသည် မြစ်ပြင်ကလှိုင်းဂယက်လို သူ့အာရုံထဲတွင် အဆက်မပြတ် ထကြွလျက် ရှိသည်။

× × ×

ထားထားဝေသည် ငယ်ငယ်ကယောကျ်ားလေး ဆန်ဆန်နေထိုင်ခဲ့သူဖြစ်သည်။ သူ့ကိုအိမ်တွင် သော်သော်ဟုခေါ်ကြသည်။ သူ့အဖေက သူ့ကိုသိပ်ချစ်သည်။ သူ့အဖေကသားလိုချင်သော်လည်း တကယ်မွေးလာသောအခါ သမီးဖြစ်နေသဖြင့် ပထမတော့သဘောမကျ။ သို့သော် ... မကြာမီမှာပင် သော်သော်ခေါ်ထားထားဝေကို ယောကျ်ားလေးတစ်ယောက်လို သဘောထားမွေးမြူလာခဲ့ကာ ချစ်လည်းချစ်ခင်လာခဲ့၏။ ဒါကြောင့် ထားထားဝေသည် ယောကျ်ားလေး တစ်ယောက်၏ခပ်ကြမ်းကြမ်းစိတ်ဓာတ်မျိုးဖြင့် ကြီးပြင်းလာခဲ့သည်။

သူတို့မိသားစုသုံးယောက်မှာ မချမ်းသာ။သို့သော်သူ့အဖေက အဝေးပြေးကားမောင်းသည့် ဒရိုင်ဘာတစ်ဦးဖြစ်သဖြင့် ဆင်းဆင်းရဲရဲမှ မဟုတ်တာ။အဆင်ပြေပြေနေနိုင်စားနိုင်

ခဲ့သည်။ သို့သော် သူ (၅)နှစ်သမီးအရွယ်မှာပင် ၊ သူ့အဖေ ဆောင်းသွားသောကားသည်ရှမ်းပြည်နယ်တစ်နေရာတွင်တောင် ပေါ်မှ လမ်းချော်ကာ ချောက်ထဲကျပြီး အဖေလည်း ထိုနေရာ တွင် ကွယ်လွန်ခဲ့သည်။ သူတို့သားအမိမှာ အဖေ့၏ ရုပ်အ လောင်းကိုပင် မမြင်လိုက်ကြရ။

သူ့အမေသည် ဆင်းရဲသားမိသားစုမှ မွေးဖွားလာသူ ဖြစ်သဖြင့် ပညာကောင်းစွာမတတ်။ လုပ်ရည်ကိုင်ရည်နှင့် ဉာဏ် ရွှမ်းဉာဏ်စလည်းမရှိ။ ထို့ကြောင့် ပင်ပင်ပန်းပန်းကုန်စိမ်းရောင်း သော်လည်း သားအမိနှစ်ယောက်မှာ ဆင်းဆင်းရဲရဲသာ နေထိုင် စားသောက်ကြရ၏။ ဒါကြောင့် ကျောင်းတွင် ထားထားဝေသည် အသိမ်ငယ်ဆုံးဖြစ်ခဲ့သည်။ အစစအရာရာ အောက်ကျနောက် ကျဖြစ်ကာ အနိမ့်ခံခဲ့ရသည်။ သူငယ်ချင်းတွေကလူရာမသွင်းရာ တွင် သူသည်ရုပ်ဆိုးနှင့်မခြားဟု ခံစားရလေ့ရှိသည်။ သူငယ်ချင်း တွေကသာမဟုတ် ဆရာမဒေါ်ခင်ခင်ကြီးကလည်း ဘယ်သော

အခါမှ မျက်နှာသာမပေး။

သူ့ထံမှ ကျောင်းလခမယူကြောင်း၊ အတန်းဖော်များရှေ့တွင် မကြာခဏထုတ်ဖော်ပြောတတ်သဖြင့် သူအရှက်ရသည်။ တကယ်တော့ ပေးရမည့်ကျောင်းလခနှင့်မတန်အောင် သူသည် ဆရာမဒေါ်ခင်ခင်ကြီး၏အိမ်တွင် တောက်တိုမယ်ရအလုပ်ကြမ်းများကို လုပ်ပေးခဲ့ရသည်။ ထင်းခွဲရသည်။ ရေခပ်ရသည်။ အဝတ်လျှော်ရသည်။ သူ ဤကဲ့သို့ ဆရာမအိမ်မှ အလုပ်ကြမ်းများကို လုပ်နေသည်ဆိုလျှင် တခြားကျောင်းသားများက လာကြည့်ကာ လှောင်ပြောင်လေ့ရှိသည်။ ထိုအထဲတွင် ဖက်တီးလေးဖြစ်သော မြင့်ဝင်းမောင်သည် အဆိုးဆုံးဖြစ်သည် ။ သူက အနောက်အပြောင်သန်သည်။

တစ်ကြိမ်ကကျောင်းတွင် ပြေးပွဲလုပ်သည်။ သူပြေးလာစဉ် အတူပြိုင်ပွဲဝင်နေသော မြင့်ဝင်းမောင်က ခြေထိုးခံသဖြင့် ထားထားဝေပြေးလမ်းထဲတွင် ချော်လဲကာကျန်ခဲ့သည်။ သူ့ဒူး

တွင် ပြင်းပြင်းထန်ထန် ထိခိုက်သွားရာ ယခုအချိန်အထိ အေးသောရာသီများတွင် ခြေထောက်က နာကျင်ကိုက်ခဲနေတတ်၏။ ချော်လဲကျကာ နာကျင်သဖြင့် ငိုယိုနေသော သူ့ကို ဆရာမက ဖေးမကူညီမှုမပြုဘဲ ဆဲဆိုကြိမ်းမောင်းခဲ့သေးသည်။

မေရီအောင်က တစ်မျိုး။ သူ့မိဘတွေက ချောင်ချောင်လည်လည် ။ ဒီတော့ ကျောင်းလာလျှင်လည်း အဝတ်အစားကောင်းကောင်းတွေ ဝတ်ဆင်တတ်သည်။ သူက အင်မတန်အလုကြိုက်သည်။ ကြီးလာလျှင် မင်းသမီးလုပ်မည်ဟု ပြောလေ့ရှိသဖြင့် သူ့ကိုကျောင်းတွင် "မင်းသမီး" ဟုသာခေါ်ကြသည်။ကျောင်းတွင်အစစအရာရာမပြည့်စုံသဖြင့် ဖတ်စာအုပ်ကိုပင် မေရီအောင်ဆီက တွဲကာဖတ်ရ၏။ ခဲတံ၊ ခဲဖျက်က အစငှားရ၏။ ဒါကြောင့် မေရီအောင်က ဤအချက်ကိုအပိုင်ကိုင်ကာ၊ ထားထားဝေကိုအနိုင်ကျင့်ခိုင်းစေတတ်၏။ သူ့အတွက် ရေခပ်ပေးရ၏။မုန့်သွားဝယ်ပေးရ၏။ ကျောင်းလွှတ်လျှင် လွယ်အိတ်ကို ကူလွယ်ပေးရ၏။

ဆရာမကလည်း သူ့ကိုမေရီအောင်နှင့် အမြဲခိုင်းနှိုင်းကာ ပြောတတ်၏။ ကျောင်းစာကို မေရီအောင်လောက်မရလျှင် နှိမ့်နှိမ့်ချချ ပြောတတ်၏။ တစ်ခါက မေရီအောင်မုန့်ဖိုး ပျောက်သွားသောအခါ၊ အတူတူယှဉ်ထိုင်နေသော ထားထားဝေပင် ယူသည်ဟု မေရီအောင်က စွပ်စွဲ၏။ ဆရာမက ဒဏ်ပေးသည့်အနေဖြင့် ထားထားဝေကို ရေခပ်ခိုင်း၏။ကျောင်းမှသွားလျှင် မြစ်ဆီရောက်အောင် မြင့်မားလှသည့် ချောက်ကမ်းပါးကြီးကို ဆင်းရတက်ရ၏။ တစ်ကြိမ်တွင် မနိုင်မနင်းဝန်ကြောင့် ကမ်းပါးမှထားထားဝေ လိမ့်ကျကာ၊ ကျောက်စွန်းတစ်ခုနှင့် မျက်လုံးရိုက်မိ၏ ။ ဤဒဏ်ကြောင့် သူ့မျက်လုံးတစ်ဖက်မှာ မကြာခဏနာကျင်ကိုက်ခဲတတ်သည်။ ငွေရေးကြေးရေး မတတ်နိုင်သဖြင့် ဆေးရုံဆေးခန်း မပြနိုင်။ ဒီတော့ ကြာလေဆိုးဝါးလေ ဖြစ်လာသည်။ ယခုအခါထိုမျက်လုံးတစ်ဖက်မှာ အမြင်အာရုံတစ်စထက်တစ်စ ချို့ယွင်းလာကာ၊ မှုန်ဝါးဝါးသာမြင်ရလေတော့သည်။ သို့သော် သူ့မျက်လုံး

တစ်ဖက်ဤသို့ဖြစ်နေသည်ကို သူကလွဲ၍ ဘယ်သူမှမသိ။ သူ့အမေပင်မသိ။ အမေစိတ်မချမ်းမသာဖြစ်မှာစိုးသဖြင့် သူကဖွင့်၍မပြော။ ဒါတွေအားလုံး မေရီအောင်ကြောင့်ဖြစ်ရတာ။

ကျော်ကျော်ထိုင်ကတော့ တစ်မျိုး။ သူကခပ်ဇွာဇွာ ခပ်မိုက်မိုက်။ အမိန့်စည်းကမ်းကို ချိုးဖောက်ချင်တတ်တဲ့ ကျောင်းသားမျိုး။ ဆရာမက သူ့အိမ်စာလာသင်သောတပည့်တွေကို တင်းကြပ်သော အမိန့်တစ်ခုထုတ်ထား၏။ သူ့သားရုပ်ဆိုးရှိရာ မြေတိုက်ခန်းပြတင်းပေါက်နားကို ဘယ်သူမှမတွေ့ရအောင် ပိတ်လှောင်ထားရ၏။ သို့သော် ...

တစ်ရက်၌ ...

ကျော်ကျော်ထိုက်ခေါင်းဆောင်သော ကလေးတစ်သိုက်သည် ထိုပြတင်းပေါက်သို့ သွားကာ မှန့်ထုပ်ပြ၍ မောင်ရုပ်ဆိုးအား အနားရောက်အောင် မြှူဆွယ်၏။ မုန့်ထုပ်ယူရအောင် မောင်ရုပ်ဆိုးက ရောက်လာသောအခါ၊ ကျော်ကျော်ထိုက်က ရုပ်

ဆိုးမျက်နှာမှ မျက်နှာဖုံးကိုအလစ်တွင် ဆွဲချွတ်လိုက်သည်။ ရုပ်ဆိုး၏မျက်နှာကို မြင်လိုက်ရသောအခါ ၊ ကလေးတွေက လန့်အော်ပြေးကြ၏။ ကျော်ကျော်ထိုက်သည် ပြေးလာရင်း သူယူလာသောမျက်နှာဖုံးကို ပစ်ချထားခဲ့သည်။

မလှမ်းမကမ်းသစ်ပင်အောက်တွင် ထိုစဉ်က တစ်ကိုယ်တည်းထိုင်နေသည့် ထားထားဝေသည် ထိုကိစ္စတွေ အားလုံးကို မြင်တွေ့နေရသည်။ တကယ်တော့ ကျောင်းသားများထဲတွင် ရုပ်ဆိုး၏သနားစရာဘဝကို နားလည်သဘောပေါက်ကာ၊ ညှာတာစာနာနိုင်တာက ထားထားဝေတစ်ဦးသာရှိ၏။ဒီလိုစာနာနိုင်ခြင်းမှာလည်း သူနှင့်မောင်ရုပ်ဆိုးဘဝမှာ အများ၏အနှိမ်ခံ အစွန့်ပယ်ခံအဖြစ်၌ တူနေခြင်းကြောင့်ဖြစ်သည်။ တစ်ခါတစ်ရံ သူနှင့်မောင်ရုပ်ဆိုးသည် အတူတူပင်ဖြစ်သည်။ တစ်ယောက်ထဲပင်ဖြစ်သည်ဟု ထားထားဝေခံစားနေရတတ်၏။ ဒါကြောင့်မြေပြင်တွင်ကျနေသော မျက်နှာဖုံးကလေးကို ကောက်ယူကာ ထားထား

ဝေက ရုပ်ဆိုးထံ သွားပြန်ပေးခဲ့သည်။ သို့သော် စေတနာကဝေဒနာ ဖြစ်ခဲ့ရသည်။ ဆရာမက ထိုပြတင်းပေါက် အနီးရောက်နေသော ထားထားဝေကို မြင်ကာ၊ သူ့အမိန့်ကို ချိုးဖောက်သည်ဟု ယူဆပြီး ကြိမ်လုံးနှင့်ရိုက်နှက်ခဲ့သည်။

"နင်က ငါ့သားကို ကစားစရာလှောင်ပြောင်စရာ မှတ်နေလား"

သူ့အရိုက်ခံရတာကို ကြည့်ကာ၊ တကယ့်တရားခံဖြစ်သောကျော်ကျော်ထိုက်က လှောင်ပြောင်ရယ်မောနေခဲ့၏။ငယ်စဉ်ဘဝက ဆိုးဝါးလှသော ဤလိုအဖြစ်မျိုးများမှာ သူ့အသည်းနှလုံးတွင် ဆူးကဲ့သို့စူးဝင်နေခဲ့လေသည်။ ထိုဆူးများကား ပျောက်ကွယ်မသွားဘဲ ကာလကြာရှည်လေ၊ ကြီးထွားလေ ဖြစ်ခဲ့လေသည်။

ထိုအဖြစ်များကို ဆိုးလှပြီဟုထင်မှတ်နေစဉ်မှာပင် အဆိုးဝါးဆုံးဟု ဆိုနိုင်လောက်သည့် အဖြစ်အပျက်တစ်ခု ဖြစ်

ပျက်ခဲ့လေသည်။ ထိုနေ့ကား ဆရာမမွေးနေ့ဖြစ်သည်။ အားလုံးကပင် သူ့ထက်ငါ ဆရာမကိုလက်ဆောင်ပေးဖို့ ကြံစည်နေကြ၏။ အမွေးထည်၊ ရေမွေးပုလင်း၊ လက်ပတ်နာရီ၊ ပါတိတ်ထဘီစသဖြင့်။

ထားထားဝေကာ သူတို့လိုမတတ်နိုင်။ သူ့အမေကိုပူဆာသောအခါ အမေက သမီး၏ဆန္ဒကို ဖြည့်ဆည်းသည့်အနေဖြင့် ဈေးထဲကအထည်ဆိုင်မှ အနက်ရောင်နိုင်လွန်ပုဝါစလေးတစ်စကိုအကြွေးယူပေးခဲ့သည်။ ဤပုဝါစလေး၏ တန်ဖိုးအနည်းအများကို ထားထားဝေမသိ။ သူ့မျက်လုံးထဲမှာ ဤပုဝါစလေးမှာ အတော်ပင်လှပနေသည်။ သို့သော် ...

"အမေ ဒီပုဝါကလေးကို ဆရာမကြိုက်ပါ့မလား မသိဘူး"

"ဒါအတွက် စိုးရိမ်မနေပါနဲ့သမီးရယ်။ ကိုယ်ပေးနိုင်တာကိုပေးတာဘဲ။ စေတနာက အဓိကပါ"

သို့သော် ... အတန်းထဲတွင် ဆရာမက သူ့လက်ဆောင်အား ...

"ထားထားဝေ ဒီပုဝါကလေးကို မင်းအမေကိုပဲ ပြန်ပေးလိုက်ပါ။ ငါမယူချင်ပါဘူး"

ဟုသူ့ကို ပြန်ပေးခဲ့သည်။ သူ့ပုဝါက ဈေးပေါလွန်းနေသည်။ ဒါကြောင့် ဆရာမက လက်မခံနိုင်ခြင်းဖြစ်သည်။ အတန်းသားတွေက သူ့ကိုအထင်သေးသော မျက်လုံးတွေဖြင့် ဝိုင်းဝန်းကြည့်ရှုနေကြသည်။ ထားထားဝေက အိမ်ပေါ်ရောက်သောအခါ အကြောင်းစုံကို အမေဖြစ်သူအား ပြန်ပြောပြခဲ့လေသည်။

ထားထားဝေ၏အမေက သူတို့မိသားစုကြိုးကြိုးစားစား ပေးလိုက်သောလက်ဆောင်ကို ယခုကဲ့သို့ ငြင်းဆန်လိုက်သည်ဟု သိရသောအခါ ငိုကြွေးနေသောသမီးကို ဒေါသတွေပေါက်ကွဲသွားသည်။ဒါကြောင့်ချက်ချင်းပင် ဆရာမကိုရန်တွေ့ရန်ကျောင်း

သို့ထွက်သွားရင်း လမ်းတွင်ကားတိုက်ခံခဲ့ရလေသည်။

ဆရာမအပါအဝင် ကျောင်းသားကျောင်းသူတွေက ထားထားဝေအမေ ကားတိုက်ခံခဲ့ရသည်ဆိုသောအကြောင်းကို သာသိသည်။ ဘယ်အတွက် အတိုက်ခံခဲ့ရသည်ဆိုတာတော့ မသိကြ။ အမေသည် ကားတိုက်ခံရသည့်ဒဏ်ဖြင့် ကိုယ်တစ်ပိုင်း သေ၍သွားတော့သည်။

ထိုအချိန်ကစ၍ သူ့ဘဝသည်ပို၍ပြင်းထန်သော လောကခံမုန်တိုင်းနှင့် ရင်ဆိုင်ခဲ့ရသည်။ စာဆက်မသင်နိုင်ဘဲ ကျောင်းကထွက်ခဲ့ရသည်။ ထမင်းဆိုင်တွင် ပန်းကန်ဆေးရသည်။ အရပ်ထဲက အိမ်တချို့တွင် အဝတ်လျှော်ရသည်။ နည်းနည်းအရွယ်ရောက်သောအခါ ဈေးရောင်းရသည်။ ကြုံရာကျပန်းအလုပ်လုပ်ရသည်။

သူက တစ်မြို့တည်းနေသဖြင့် ဆရာမထံ မကြာခဏရောက်၏။ ဆရာမလိုအပ်သော အကူအညီကိုပေး၏။ ထိုရက်

များအတွင်း ရုပ်ဆိုးသည် အရင်ကနှင့်မတူပဲ ဆိုးသွမ်းနေတာ သတိထားမိသည်။ သူ့ဘဝအခြေအနေမှာ မြေတိုက်ခန်းထဲတွင်ပင် ကုန်ဆုံးရမည်ကိုတွေးကာ မကျေမချမ်း ပေါက်ကွဲနေဟန်တူ၏။

လွန်ခဲ့သောသုံးနှစ်ခန့်က တစ်ရက်တွင် ရုပ်ဆိုးသည်မြေတိုက်ခန်းမှ ထွက်ပြေးသွားသည်။ မိုးတွေသည်းသည်းမည်းမည်း ရွာနေစဉ်ဖြစ်၏။ ဆရာမက သားဖြစ်သူကိုလိုက်ခေါ်ရင်း မိုးကြိုးပစ်ခံရ၏။ မိုးကြိုးဒဏ်ကြောင့် ကျိုးကျလာသော သစ်ကိုင်းကြီးပိကာ ရုပ်ဆိုးကွယ်လွန်သွားသည်။ ဆရာမလည်း ဒုက္ခိတဘဝရောက်သွားသည်။ ဒီတော့ သူ့ကို ပို၍အားကိုးလာရ၏။

"ရုပ်ဆိုးမရှိတော့တဲ့နောက်ပိုင်းမှာ နင်ဟာ ငါ့သမီးပါဘဲထားထားဝေရယ်" ဟုပင်နှုတ်ကဖွင့်ဟပြောခဲ့သည်။

× × ×

သူသည် ဆရာမအိမ်တွင် အနေများလာသည်။ ဆရာမက သူ့ခင်ပွန်းမိဘများထားခဲ့သောအမွေအနှစ်တွေဖြင့် ပြည့်စုံသည်။ဒါကြောင့်ငွေရေးကြေးရေးမပူပင်ရဘဲ နေထိုင်စားသောက်နိုင်သည်။ ဆရာမက ဤနှစ်ပိုင်းများတွင် သူ့အပေါ်ကောင်းခဲ့တာအမှန်ဖြစ်သည်။ သို့သော်သူ့ရင်ထဲက အကြိတ်အခဲတွေကိုတော့ ထားထားဝေသည်မချေဖျက်နိုင်သေးတဲ့ရှိသည်။ အထူးသဖြင့်အဝေးရောက်နေသော သူ့သူငယ်ချင်းများ။

ဒါကြောင့်ပင် ...

ဆရာမ၏ အသက် (၅၀) ပြည့်မွေးနေ့ပွဲကို ကျင်းပရန်သူ က တိုက်တွန်းခဲ့၏။ ပြီးတော့ အဝေးကတပည့်ဟောင်းတချို့ကို ဖိတ်ခေါ်ရန်လည်း သူကပင် အကြံပေးခဲ့သည်။ တကယ်တော့ ထားထားဝေက ဤကိစ္စကို အကြံအစည်တစ်ခုနှင့် ဖန်တီးခဲ့ခြင်း

ဖြစ်သည်။ ဤရက်အတွင်းမှာပင် နာတာရှည်လူမမာ ဖြစ်နေသော သူ့အမေက ကွယ်လွန်သွားလေသည်။ ကလဲ့စားချေရမည်ဆိုသော သူ့ရည်ရွယ်ချက်က ပို၍ခိုင်မာလာ၏။

သူ့အကြံအစည်ကိုမသိသော သူငယ်ချင်းများမှာ မွေးနေ့ပွဲဆင်နွှဲရန် တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာကြသည်။သူ့ကိုအားလုံးက ချစ်ချစ်ခင်ခင်ပင် ဆက်ဆံကြသည်။ ငယ်ငယ်ကအကြောင်းတွေကို မေ့လျော့ကုန်ကြဟန်တူ၏။ သို့သော် ထားထားဝေကတော့ မမေ့လျော့နိုင်။ ညစာစားပွဲတွင်သူအထူးဖန်တီးထားသော စပျစ်ဖျော်ရည်ကိုတိုက်ခဲ့သည်။ ထိုဖျော်ရည်ထဲတွင်အဆိပ်ခတ်ထားကြောင်း သူတို့မသိ။ ဆရာမကတားသော်လည်း မရ။ သေဆုံးနေသူတွေကို ထားထားဝေကေါ်းဖြင့်ထိုးသည်။ သူသည်ကလဲ့စားချေလိုစိတ်ဖြင့် ထိုစဉ်ကအရူးတစ်ပိုင်းဖြစ်နေလေသည်။ တားမရသောအခါ ဆရာမမှာသတိလစ်၍သွားလေတော့သည်။

ထားထားဝေလုပ်ကြံဓာတ်တစ်ခုကို ဖန်တီးနိုင်ဖို့အတွက် မြင့်ဝင်းမောင်နှင့်ကျော်ကျော်ထိုက်အလောင်းတွေကို မြေတိုက်ခန်းထဲပို့ထားကာ မေရီအောင်၏အလောင်းကိုတော့ ဘီးတပ်ကုလားထိုင်ဖြင့်ပင် ယူဆောင်သွားပြီး ချောက်ကမ်းပါးအောက် ပစ်ချခဲ့၏။ သူက မြေတိုက်ခန်းထဲတွင် သတင်းစာပို့သည့်ကောင်လေး မြင်သည်အထိ ငုတ်တုတ်လေးထိုင်နေလိုက်ရုံသာ ရှိတော့သည်။

ဦးမင်းဒင်တို့ စစ်မေးသောအခါ သူက ဓာတ်လမ်းဆင်ပြောပြခဲ့၏။ သူ့စကားကလွဲ၍ ဦးမင်းဒင်တို့အဖို့ ကြားစရာစကားမရှိ။ ဆရာမက သတိလစ်နေသည်။ စကားမပြောနိုင်။ အခြေအနေကမကောင်း။ ဆရာမတွင် နှလုံးရောဂါရှိနေရာ၊ တွေ့ကြုံလိုက်ရသည့် ခြောက်ခြားစရာတွေကြောင့် အသက်ပါဆုံးပါးသွားနိုင်လေသည်။ သို့သော် ...

ဆေးရုံပေါ်တွင် မထင်မှတ်ဘဲ ဆရာမ ပြန်သတိရလာသောအခါ၌မူ ...

× × ×

မိုးတွေကမစဲနိုင်အောင် တဖွဲဖွဲတသဲသဲရွာသွန်းဖြိုးဆဲ။ ဘီးတပ်ကုလားထိုင်တစ်လုံးနှင့် မိန်းမနှစ်ယောက်ကလည်း မြင့်မားသောကမ်းပါးထိပ်တွင် ရှိနေဆဲ။ သူတို့ရှိရာ ချောက်ကမ်းပါး အောက်ခြေမှာတော့ ပြင်းထန်စွာလှိုင်းတံပိုးထနေသည့် ဧရာဝတီ မြစ်ပြင်။

ထားထားဝေက သူယူဆောင်လာသော နိုင်လွန်ပုဝါက လေးကိုထုတ်ယူကာ ဆရာမ၏လည်ပင်းကို ရစ်ပတ်ချည်နှောင် လိုက်၏။

"ဒီပုဝါကလေးကို မှတ်မိလား။ ဆရာမငြင်းလိုက်တဲ့ပုဝါ လေးလေ။ ကျွန်မ အတင်းပေးပါရစေ"

ဆရာမ၏လည်ပင်း၌ ချည်နှောင်ထားသည်။ ပုဝါစ (၂)ဖက်ကို တင်းသထက်တင်းအောင်ဆွဲလိုက်သောအခါ ဆရာမ

လည်ပင်းမှာ အစ်သထက်အစ်၍လာသည်။ အသေသတ်ရန်ကြံ စည်နေလေသလား။ ဆရာမက ...

"ထားထားဝေ နင်အထင်လွဲနေပြန်ပြီ။ ဒီပုဝါကလေးကို နင့်အမေကိုပြန်ပေးလိုက်လို့ ငါပြောခဲ့တာက၊ နင်ထင်သလိုတန် ဖိုးနည်းလို့ လက်မခံချင်လို့မဟုတ်ဘူး။ နင့်အမေအတွက် လိုအပ် ရင်သုံးဖို့ တမင်လက်ဆောင်ပြန်ပေးတာ။ နင်တို့ဆင်းရဲတယ်ဆို တာ ငါသိပါတယ်။ သူ့သဘောနဲ့သူဆိုရင် ဒီလိုပုဝါမျိုး နင့်အမေ ဘယ်တော့မှ ဝယ်သုံးမှာမဟုတ်ဘူး"

ဒီစကားတွေကြားရတော့ ပုဝါစ(၂)ဖက်ကို တင်းတင်း ဆွဲနေသည့် ထားထားဝေ၏လက်တွေက ပြေလျော့သွား၏။ ဆ ရာမက ...

"ထားထားဝေ နင့်ရင်ထဲမှာရှိနေတဲ့ သိမ်ငယ်စိတ်တွေက နင့်ကိုဒုက္ခပေးနေတာဘဲ။ လူတွေရဲ့အပြုအမူမှန်သမျှကို နင်က အဆိုးအမြင်နဲ့တွေးတယ်။ လက်ခံတယ်။ ဒါကြောင့်လည်း ဒီလို

ဆိုးဝါးတဲ့အမှုတွေဖြစ်အောင် နင်ကျူးလွန်မိခဲ့တာပေါ့ ..."

ထိုအခိုက်မှာပင် အဝေးမှရဲကားတစ်စီး ထိုးစိုက်လာတာတွေ့ရ၏။

"ဒီနှစ်အတွင်း နင့်ကိုငါသမီးအရင်းလိုချစ်ခဲ့တယ်။ နှုတ်ကထုတ်မပြောပေမယ့် ငါ့သေရင်အမွေတွေအားလုံး နင့်ကိုပေးခဲ့ဖို့ စာချုပ်စာတမ်းတွေလုပ်ထားပြီးသား။"

"နောက်ကျသွားပါပြီ ဆရာမ။"

မှန်လေသည်။ သူ့ကို ဖမ်းဆီးရန်အနားကို ရဲတွေရောက်ရှိလာကြသည်။

စိတ်ရောကိုယ်ပါချမ်းမြေ့ကြပါစေ

ဒေဝစကြာ

(၂၀၀၉ အောက်တိုဘာ)